# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် ၂၀၂၆ ခုနှစ်၊ မတ် ၃၀ ရက်၊ တနင်္လာနေ့ အတွဲ (၆၅)၊ အမှတ်(၁၈၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတွင်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ကို စာဖြေဌာန ၂၀၄ ဌာနတွင်လည်းကောင်း ဖြေဆိုကြသည်။

**ဖြေဆိုရာခိုင်နှုန်း**

အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့ကို စာဖြေစာရင်းသွင်း ၁၆၁၇ ပါး/ဦး အနက် ၉၆၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၉ ဒသမ ၆၂ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်း ၆၁၇၀၃ ပါး/ဦးအနက် ၅၁၇၁၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၈၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပစဉ်။တိုင်းဒေသကြီး(ပြန်/ဆက်)**

## Bar Code/ QR Code စနစ်သစ်ဖြင့် စက်သုံးဆီရောင်းချနေမှုအခြေအနေများအား ဆန်းစစ်အသိပေးထုတ်ပြန်

နိုင်ငံတော်တွင် စက်သုံးဆီကို စနစ်တကျ သုံးစွဲနိုင်စေရန်နှင့် လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်ရည်ရွယ်၍ Bar Code/QR Code စနစ်သစ်ဖြင့် ၂၇-၃-၂၀၂၆ ရက်နေ့မှစတင်၍ ရောင်းချပေးလျက်ရှိပါသည်။

ထို့အပြင် ယနေ့မှစတင်၍ ပဲခူး၊ ပြင်ဦးလွင်၊ ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် အမြန်လမ်းမကြီးတစ်လျှောက်တွင် Bar Code/ QR Code စနစ်များကို စတင်အသုံးပြုနေပြီဖြစ်ပါသည်။

စနစ်သစ်ဖြင့်ရောင်းချရာတွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ အခက်အခဲများနှင့် မသမာမှုများအပါအဝင် မမျှော်မှန်းနိုင်သည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနသည် Online Monitoring Center မှ စောင့်ကြည့်ခြင်း၊ Call Center ဖွင့်လှစ်၍ ဖြေရှင်းဆောင်ရွက်ခြင်း၊ ထိန်းကျောင်းကြပ်မတ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

QR စနစ်အသုံးပြုနေသည့် မြို့ကြီး ၄ မြို့၌ စနစ်ဟောင်းရောင်းချမှုနှင့် စနစ်သစ်ရောင်းချမှုတို့ နှိုင်းယှဉ်မှုအရ ၂၅-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/သုံးဘီး ၁၈၉၉၀၇ စီး၊ မော်တော်ယာဉ် ၁၃၈၁၅၇ စီး ဆီဖြည့်တင်းခဲ့ကြသော်လည်း ၂၇-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/သုံးဘီး ၁၄၉၆၉၀ စီး၊ မော်တော်ယာဉ် ၁၀၅၃၄၅ စီးသို့ လျော့ကျသွားခဲ့ပါသည်။ ၂၆-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/ သုံးဘီး ၁၈၄၂၈၄ စီး၊ မော်တော်ယာဉ် ၁၁၃၀၂၈ စီး ဆီဖြည့်တင်းခဲ့ကြသော်လည်း ၂၈-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/သုံးဘီး ၁၆၅၃၇၁ စီး၊ မော်တော်ယာဉ် ၁၀၇၉၆၅ စီးသို့ လျော့ကျသွားခဲ့ပါသည်။

သို့ရာတွင် စက်သုံးဆီဈေးနှုန်းတိုးမြင့်လာမှုကို အခွင့်ကောင်းယူ၍ အချို့အရောင်းဆိုင်များသည် ရောင်းချခြင်းမပြုဘဲ ဆိုင်ပိတ်ထားခြင်း၊ အချို့ဆိုင်များသည် Scan မဖတ်ဘဲ ရောင်းချပေးနေခြင်း၊ Taxi ယာဉ်များသည် ခွဲတမ်းပိုမိုရရှိမှုကို အခွင့်ကောင်းယူ၍ မသမာမှုများ ပြုလုပ်လာခြင်းတို့ကြောင့် ဖွင့်လှစ်ရောင်းချနေသည့် အရောင်းဆိုင်များတွင် ယာဉ်များတန်းစီမှု ပိုမိုလာသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➜*


**ယနေ့ ဖတ်စရာ**

ဆန်းသစ်တီထွင်မှုဖြင့် လှပသော အနာဂတ်ကို ဖန်တီးသူများနှင့် အထောက်အကူပြုသူများ — ဆောင်းပါး — စာ ၆

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၅ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု — ဆောင်းပါး — စာ ၁၀

ကမ္ဘောဒီးယားနိုင်ငံ၌ ဓာတ်ဆီဈေးကျသော်လည်း ဒီဇယ်ဆီဈေး ဆက်လက်မြင့်တက် — နိုင်ငံတကာသတင်း — စာ ၁၄





○ ရှေ့ဖုံးမှ

ယင်းသို့ အများပြည်သူများကို ထိခိုက်နစ်နာစေသည့် မသမာမှုများကို ပြည်သူတို့၏ သတင်းပေးပို့လာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ “ရွှေပိုး” စက်သုံးဆီအရောင်းဆိုင်၊ လိုင်စင်အမှတ် (၂၅၉၇)၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ဈ-ရပ်ကွက်၊ ၆၂ လမ်းပေါ်ရှိ “ရွှေခြသေ့်” စက်သုံးဆီအရောင်းဆိုင်၊ လိုင်စင်အမှတ်(၀၇၃၀)နှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက် ရန်ကုန်-မန္တလေး လမ်းမကြီး(လမ်းဟောင်း)ပေါ်ရှိ “အောင်သိဒ္ဓိ” စက်သုံးဆီအရောင်းဆိုင်၊ လိုင်စင်အမှတ်(၀၄၈၀)တို့အား လိုင်စင်ယာယီပိတ်သိမ်း၍ အရောင်းဆိုင်မန်နေဂျာများနှင့် ဝန်ထမ်းများအား ဥပဒေအရ အရေးယူဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ ထို့အပြင် တရားမဝင်စက်သုံးဆီ သိုလှောင်ထားရှိကြောင်း တိုင်ကြားလာမှုသတင်းအရ ဒဂုံဆိပ်ကမ်းမြို့နယ် ၆၀/ B ရပ်ကွက်၊ မြနန္ဒာလမ်းသွယ်(ကျူးကျော်)နေ ဦးမြင့်မောင်အား တရားမဝင်စက်သုံးဆီများ သိုလှောင်ထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသုံး စက်ပစ္စည်းများအတွက်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ သတ်မှတ်ပေးထားသော စက်သုံးဆီအရောင်းဆိုင်များတွင် ထောက်ခံချက်ဖြင့် ရောင်းချပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့်လည်း စက်သုံးဆီဝယ်ယူခြင်းနှင့် ပတ်သက်၍ အခက်အခဲများနှင့် မသမာမှုများ တွေ့ရှိနေရသည့်အပေါ်တွင် Call Center သို့ တိကျစွာ အသိပေးတိုင်ကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

# ၂၀၂၆ ခုနှစ် မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်အား ကျုံးပတ်လည်တစ်လျှောက်၌ ဆိုလာရေတင်စနစ် ကျင့်သုံးကာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မန္တလေး မတ် ၂၉**

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ပွဲတော်တွင် မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်ကို မန္တလေးမြို့ ကျုံးပတ်လည်၌ ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျင်းပရာတွင် ကျုံးအရှေ့ဘက်အခြမ်းဖြစ်သည့် (၆၆)လမ်းတွင် မဏ္ဍပ်ကြီး ငါးခု၊ အသေးလေးခု၊ အဓိကကျသည့် ကျုံးတောင်ဘက်အခြမ်းဖြစ်သည့် (၂၆)လမ်းတွင် ဗဟိုမဏ္ဍပ်ကြီးအပါအဝင် မဏ္ဍပ်အကြီး ခြောက်ခု၊ မဏ္ဍပ်အသေး ၁၃ ခု၊ ကျုံးအနောက်ဘက်အခြမ်းတွင် ဈေးချိုသူမဏ္ဍပ်အပါအဝင် မဏ္ဍပ်အကြီး သုံးခု၊ မဏ္ဍပ်အသေး ခုနစ်ခု၊ ကျုံးအနောက်ဘက်အခြမ်းတွင် မဏ္ဍပ်အကြီး သုံးခု၊ မဏ္ဍပ်အသေး လေးခုတို့ဖြင့် ကျုံးပတ်လည်တွင် မဏ္ဍပ်အကြီး ၁၇ ခု ၊မဏ္ဍပ်အသေး ၂၈ ခု စုစုပေါင်း ၄၅ ခု ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။



မန္တလေးမြို့၌ ၂၀၂၄ ခုနှစ်က ကျင်းပခဲ့သည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို တွေ့ရစဉ်။

“ဒီမဏ္ဍပ်တွေအပြင် ၇၃ လမ်းမှာရှိတဲ့ မင်္ဂလာမန္တလေးလမ်းလျှောက်သင်္ကြန်ကိုလည်း ဆင်နွှဲကြမှာဖြစ်ပါတယ်။ အဲဒီမှာလည်း သနပ်ခါးမဏ္ဍပ်တွေ၊ ပန်းအလှမဏ္ဍပ်တွေ စသဖြင့် နေရာအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ လမ်းလျှောက်သင်္ကြန်ကို ဆောင်ရွက်တာက ပြည်သူလူထုအနေနဲ့ ကျုံးပတ်လည်မှာ လမ်းလျှောက်ရေကစားရင်းနဲ့ မဏ္ဍပ်တွေအလိုက် ဖျော်ဖြေရေးတွေနဲ့ စတုဒိသာအစီအစဉ်တွေကို ပါဝင်ဆင်နွှဲနိုင်ဖို့ ဖြစ်ပါတယ်”ဟု ပြောသည်။



၂၀၂၅ ခုနှစ် မန္တလေးမြို့လမ်းလျှောက်သင်္ကြန်ပွဲတော်၌ ပျော်ရွှင်စွာ ရေကစားနေမှုကို တွေ့ရစဉ်။

လက်ရှိတွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကို တည်ဆောက်နေပြီး ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ မဏ္ဍပ်ဒီဇိုင်းများကို ယခင်နှစ်များနှင့်မတူ ထူးခြားစွာဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ တည်ဆောက်နေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“မဏ္ဍပ်ဖွင့်ပွဲကို သင်္ကြန်အကြိုနေ့ ညနေပိုင်းမှာ ကျင်းပမှာဖြစ်ပြီး ပိတ်ပွဲကို သင်္ကြန်အတက်နေ့ ညနေပိုင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဖွင့်ပွဲကိုလည်း ကျောင်းသူ အင်အား ၅၀၀ နဲ့ လုပျိုဖြူ အင်အား ၄၀၀ စုစုပေါင်း အင်အား ၉၀၀နဲ့ အခမ်းအနားကို ခမ်းနားထည်ဝါစွာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ပြီး ယိမ်းအကအလှအဖွဲ့က မြို့မငွေ့ငန်းနဲ့ ဖြတ်သန်းပြီး ပြည်သူတွေကို ဂါရဝပြုမယ့် အစီအစဉ်လည်းရှိပြီး နိုင်ငံကျော်အဆိုတော်တွေရဲ့ သီဆိုဖျော်ဖြေမှု၊ မြန်မာ့ဆိုင်းဝိုင်းအဖွဲ့ရဲ့ ဖျော်ဖြေမှုတွေလည်း ပါဝင်ပါတယ်။ ယိမ်းအကပြိုင်ပွဲတွေလည်း ထည့်သွင်းထားပြီး ဆုတွေကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမှာဖြစ်ပါတယ်”ဟု ပြောသည်။

ယခုနှစ်တွင် ထူးခြားသည့် အစီအစဉ်အနေဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုသည့် တိုင်းရင်းသား ရှစ်မျိုး၏ မဏ္ဍပ်ကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး တိုင်းရင်းသားရိုးရာအကအလှများ၊ တိုင်းရင်းသားရိုးရာအစားအစာ စတုဒိသာကျွေးမွေးသည့် အစီအစဉ်များလည်း ဆောင်ရွက်ထားသည့်အတွက် ရိုးရာအစားအစာများကို နှစ်သက်သည့် ပြည်သူများအနေဖြင့် သင်္ကြန်ပွဲတော်ကို ဆင်နွှဲရင်း ဝင်ရောက်သုံးဆောင်နိုင်မည်ဖြစ်သည်။

ထို့ပြင် ယခုနှစ် မန္တလေးသင်္ကြန်၌ ပြည်သူများ ရေလုံလောက်စွာ ပက်ဖျန်းကစားနိုင်မည့်အပြင် စွမ်းအင်ချွေတာနိုင်မည့် အစီအစဉ်တစ်ရပ်အဖြစ် ဆိုလာစနစ်ဖြင့်မော်တာများမောင်းနှင်ကာ ရေတင်မည့်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကြောင်းနှင့် ကျုံးပတ်လည်တစ်လျှောက်တွင် မည်သည့်မော်တော်ယာဉ်မျှ ဝင်ရောက်နိုင်မည်မဟုတ်ဘဲ လမ်းလျှောက်သင်္ကြန်အနေဖြင့်သာ ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်တွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် သင်္ကြန်ပွဲတော်ကို မဆင်နွှဲခဲ့ရသဖြင့် ယခုနှစ်တွင် ပြုလုပ်မည့် သင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာဆင်နွှဲနိုင်ရန် ခမ်းနားထည်ဝါစွာ စီစဉ်ဆောင်ရွက်ထားကြောင်း၊ အဓိကအားဖြင့် ကျုံးပတ်လည်တစ်လျှောက်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကျင်းပ၍ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားခြင်းအပြင် ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုခံစားရင်း စတုဒိသာမဏ္ဍပ်များ၌ တပျော်တပါး ဝင်ရောက်ဆင်နွှဲနိုင်စေရန် စီစဉ်ဆောင်ရွက်ထားသည့်အတွက် မန္တလေးသင်္ကြန်ပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ချစ်သူပြည်သူများ လာရောက်ပါဝင် ဆင်နွှဲနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေမှု လှည့်လည်ကြည့်ရှုပြီး အလှူတော်ငွေများ ဆက်ကပ်လှူဒါန်း

**တောင်ကြီး မတ် ၂၉**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေမှုကို လှည့်လည်ဖူးမြော်ကြည့်ရှုသည်။(ယာပုံ)

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပါဠိပထမပြန်စာမေးပွဲတွင် ကြီးကြပ်နေသော ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး စာပြန်ပွဲအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ် ၂၂၅ သိန်းကို ဆရာတော်ကြီးထံ ပေးအပ်လှူဒါန်းရာ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မြို့လယ်ဓမ္မာရုံ၌ ပါဠိပထမပြန်စာမေးပွဲ အကြီးတန်း၊ အလတ်တန်း၊ မူလတန်းအဆင့် ဖြေဆိုနေသည့် စာဖြေသံဃာတော်များနှင့် တောင်ကြီးမြို့ သာသနာလင်္ကာရကမ္ဘောဇသာသနာ့ ဗိမာန်၌ ပါဠိပထမပြန်စာမေးပွဲ မူလတန်းအဆင့် ဖြေဆိုနေသော စာဖြေသံဃာများအား လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

မြို့လယ်ဓမ္မာရုံ၌ အစိုးရဓမ္မာစရိယဖြေဆို ၂၁ပါး၊ ပါဠိပထမပြန်စာမေးပွဲတွင် အကြီးတန်းအဆင့် ၅၇ ပါး၊ အလတ်တန်းအဆင့် ၁၁၄ ပါး၊ သီလရှင် ၂၁ ပါး ဖြေဆိုကြပြီး ကမ္ဘောဇသာသနာ့ဗိမာန်၌ မူလတန်းအဆင့် အပါး ၇၈၀၊ ပထမငယ်တန်း ၃၈၁ ပါး ဖြေဆိုလျက်ရှိသည်။

ယမန်နေ့ ညနေပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များနှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရေးရုံ၌ ကျင်းပသည့် SHAN STATE VOLLEYBALL LEAGUE 2025–2026 ကလပ်ပေါင်းစုံ အမှတ်ပေးဘော်လီဘောပြိုင်ပွဲ အမှတ်ပေးချန်ပီယံ နောက်ဆုံးပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဦးစွာ အမှတ်ပေးချန်ပီယံ နောက်ဆုံးပွဲစဉ်အဖြစ် သလဲဦး–မိုင်းသောက်အသင်းနှင့် နန်းပန်–နောင့်တောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သလဲဦး–မိုင်းသောက်အသင်း သုံးပွဲတစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

နောက်ဆုံး ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်ဘော်လီဘော ဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အဋ္ဌမဆုရရှိသော ရွာမ–ကလောအသင်း၊ သတ္တမဆုရရှိသော မိုင်းပျိုး–တောင်တိုအသင်းတို့အား ငွေသားဆုကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဆဋ္ဌမဆုရရှိသော အင်းပေါခုံ–ကျေးပေါခုံအသင်း၊ ပဉ္စမဆုရရှိသော အင်းယား–ပုန့်မူအသင်းနှင့် စတုတ္ထဆုရရှိသော ရွာသာ–တောင်ပို့ကြီးအသင်းအား ငွေသားဆုများကိုလည်းကောင်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက တတိယဆုရရှိသော နန်းပန်–နောင့်တောအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးက ဒုတိယဆုရရှိသော အား/ကာသိပ္ပံ(တောင်ကြီး) အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်သိန်း ၃၀ကိုလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ပထမဆုရရှိသော သလဲဦး–မိုင်းသောက်အသင်းအား တစ်ဦးချင်းဆု တံဆိပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်ပေးချန်ပီယံ ပထမဆုရရှိသော သလဲဦး–မိုင်းသောက်အသင်းအား ငွေသားဆုငွေကျပ်သိန်း ၅၀ နှင့် ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# သူနာပြုတက္ကသိုလ်ရန်ကုန်၏ အကြိမ် (၃၀) မြောက်နှင့် (၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားများ ကျင်းပ

**ရန်ကုန် မတ် ၂၉**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြုတက္ကသိုလ် ရန်ကုန်၏ အကြိမ်(၃၀)မြောက်နှင့် (၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**စင်မြင့်ပေါ်တွင်နေရာယူ**

ဦးစွာ သူနာပြုတက္ကသိုလ် ရန်ကုန်ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေနှင့် ပညာရေး အဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ က ဘွဲ့နှင်းသဘင် စင်မြင့်ပေါ်တွင် နေရာယူကြသည်။




ထို့နောက် ဘွဲ့ရကျောင်းသား ကျောင်းသူများက သူနာပြုသစ္စာ အဓိဋ္ဌာန်ကို ရွတ်ဆိုကြပြီး သူနာပြု ပါရဂူဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ အထူးသူနာပြု ဒီပလိုမာဘွဲ့နှင့် သူနာပြု သိပ္ပံဘွဲ့များအတွက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာခြင်းခံကြရသူများအား သူနာပြုတက္ကသိုလ် ရန်ကုန်ပါမောက္ခချုပ်က ဘွဲ့များအပ်နှင်းကာ အမှာစကားပြောကြားသည်။

ယနေ့ကျင်းပသည့် သူနာပြုတက္ကသိုလ် ရန်ကုန်၏အကြိမ်(၃၀) ဘွဲ့နှင်းသဘင်၌ သူနာပြုပါရဂူ သင်တန်း အောင်မြင်သူ တစ်ဦး၊ သူနာပြု မဟာသိပ္ပံသင်တန်း အောင်မြင်သူ ၂၀၊ သူနာပြု သိပ္ပံ (ပေါင်းကူး)(အဝေးသင်)သင်တန်း အောင်မြင်သူ ၇၆ ဦး၊ သူနာပြုသိပ္ပံ (ပေါင်းကူး) (On–Campus) သင်တန်း အောင်မြင်သူ ၁၅၂ ဦး၊ သူနာပြုသိပ္ပံ(ပုံမှန်) (၁/၂၀၂၅) သင်တန်းအောင်မြင်သူ ၈၄ ဦး၊ အထူးပြု သူနာပြုဒီပလိုမာ သင်တန်းအောင်မြင်သူ ၂၃ ဦးရှိပြီး (၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၌ အရေးပေါ်သူနာပြုစုပညာ ဒီပလိုမာ သင်တန်းအောင်မြင်သူ တစ်ဦး၊ သူနာပြုသိပ္ပံ(ပုံမှန်) (၅/၂၀၂၅) သင်တန်းအောင်မြင်သူ ၂၅၃ ဦး တို့အား ဘွဲ့များအပ်နှင်းသည်။

ယခုနှစ်ဘွဲ့နှင်းသဘင် အပါအဝင် သူနာပြုတက္ကသိုလ် ရန်ကုန်က မွေးထုတ်ပေးခဲ့သည့်သူနာပြု ဘွဲ့ရဦးရေမှာ သူနာပြုပါရဂူဘွဲ့ လေးဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ၂၇၉ ဦး၊ အထူးသူနာပြု ဒီပလိုမာဘွဲ့ရရှိသူ ၉၅၆ ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၆၁၁၃ ဦးတို့ဖြစ်ပြီး အောင်မြင်စွာ လေ့ကျင့်ပျိုးထောင် ဘွဲ့အပ်နှင်း ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်းကျင်းပ

**နေပြည်တော် မတ် ၂၉**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် "အောင်သရဖူ" ကိုယ်ပိုင် အထက်တန်းကျောင်းတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ မှန်ကန်သော အတွေးအခေါ်များဖြင့် အပြောအဆို အတတ်ပညာများ ဖွံ့ဖြိုးစေရန်၊ ကျောင်းစာများအပြင် ပြင်ပစာပေ ဗဟုသုတများ ပိုမိုရရှိစေရန်၊ စာကြည့်တိုက်နှင့်ပိုမို ကျွမ်းဝင် ရင်းနှီးလာစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်းကို မတ် ၂၉ ရက် နံနက်ပိုင်းက လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။



**ကျေးဇူးတင်စကားပြောကြား**

အဆိုပါ စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စာဖတ်ဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး "အောင်သရဖူ" ကိုယ်ပိုင် အထက်တန်းကျောင်းမှ မောင်ဝင်းအောင်လှိုင် (Grade– 11)၊ မဝင်းမိုးသူဇာလှိုင် (Grade– 11)တို့က စာရေးဆရာ ဇန်းမော်သိန်းဖေ ရေးသားထားသည့် "မျှဝေလိုသော အတွေးများ (၃)" စာအုပ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည့် အကြောင်းအရာများ ပြန်လည်ဆွေးနွေးခဲ့ကြပြီး ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ စာရေးဆရာမျိုးမြင့်(အောင်လံ)တို့က ဖြည့်စွက်ဆွေးနွေးခဲ့၍ "အောင်သရဖူ" ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ညိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထိုစာဖတ်ဝိုင်းအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များ၊ သုတရသစာအုပ်စာစောင်များအား တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**တင်စိုးလွင်**
**(ပြန်/ဆက်)**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန် ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးမြင့်စိုး လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့၌ ပါဠိပထမပြန်စာမေးပွဲစတင်ဖြေဆိုနေမှုအား ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပါဠိပထမပြန်စာမေးပွဲကိုပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်း မဟာအတုလအောင်ဓမ္မဗိမာန်တော်နှင့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်သာသနာ့လင်္ကာရသာသနာ့ဗိမာန်တို့တွင်ယနေ့ မွန်းတည့် ၁၂ နာရီက စတင်ဖြေဆိုခဲ့သည်။

အဆိုပါပါဠိပထမပြန်စာမေးပွဲဖြေဆိုနေမှုများအား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့ လာရောက်ဖူးမြော်ကြည်ညိုကာ စာမေးပွဲကြီးကြပ်ဆရာတော်များအား အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

လယ်ဝေးမြို့နယ် ပါဠိပထမပြန်စာမေးပွဲ ပထမကြီးတန်းတွင် သံဃာတော်နှင့် သီလရှင် ၃၂ ပါး၊ ပထမလတ်တန်းတွင် ၄၇ ပါး၊ ပထမငယ်တန်းတွင် ၈၆ ပါးနှင့် အခြေပြုမူလတန်းတွင် ၂၀၆ ပါး စုစုပေါင်း ၃၇၁ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ဒက္ခိဏသီရိမြို့နယ်၌ ပထမကြီးတန်းတွင် သံဃာတော်နှင့် သီလရှင် ၁၉ ပါး၊ ပထမလတ်တန်းတွင်သံဃာတော်နှင့် သီလရှင် ၂၂ ပါး၊ ပထမငယ်တန်းတွင်သံဃာတော်နှင့်သီလရှင် ၃၃ ပါး၊ အခြေပြုမူလတန်းတွင် သံဃာတော်နှင့်သီလရှင် ၈၁ ပါး စုစုပေါင်း ၁၅၅ ပါး ဖြေဆိုလျက်ရှိသည်။ ပါဠိပထမပြန်စာမေးပွဲအား မတ်၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပါဠိပထမပြန် စာမေးပွဲဖြေဆိုရာတွင် စာမေးပွဲကြီးကြပ်ရေးဆရာတော်ကြီးများ၊ စာမေးပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်သာသနာရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး စာမေးပွဲကာလအတွင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စေတနာရှင်၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဧရာဝတီတိုင်းဒေသကြီးအတွင်း ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိ

**ပုသိမ် မတ် ၂၉**

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းလုံး၌ လမ်းလျှောက်သင်္ကြန်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည်ဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌လည်း စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် နှစ်စဉ်ကျင်းပလာသည့် အတာသင်္ကြန်ပွဲများထက် ထူးခြားလေးနက်သည့် အတာသင်္ကြန်ပွဲအား ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဧရာဝတီတိုင်းဒေသကြီး (ဗဟို)သင်္ကြန်မဏ္ဍပ်အား ပုသိမ်မြို့ ကမ်းနားလမ်းရှိ ရှုခင်းသာရင်ပြင်တွင် အလျား ပေ ၂၀၀၊ အနံ ပေ ၆၀ ဖြင့် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ဧည့်ခံရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များအား ပူးတွဲတည်ဆောက်လျက်ရှိပြီး အဆိုပါ ကမ်းနားလမ်းတွင် လမ်းလျှောက်သင်္ကြန်ကို ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများပူးပေါင်း၍ ယခင်နှစ်ထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။



စတုဒိသာမဏ္ဍပ်များအား နှစ်စဉ်ကဲ့သို့ ဆောင်ရွက်မည်ဖြစ်ပြီး ယခုနှစ်တွင် ထူးခြားစွာ သနပ်ခါးသင်္ကြန်မဏ္ဍပ် ထည့်သွင်းဆင်နွှဲသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မဏ္ဍပ်ပြင်ဆင်မှုများကိုလည်း မြန်မာ့ရိုးရာအတာသင်္ကြန်၏ ပုံရိပ်နှင့်အညီ တည်ဆောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ဧရာဝတီတိုင်းဒေသကြီး၏ အမှတ်သင်္ကေတဖြစ်သည့် ပုသိမ်ထီးအား မဏ္ဍပ်ပြင်ဆင်မှုများတွင် ပိုမိုပြောင်မြောက်စေရန် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်သည်။

ထို့အပြင် တိုင်းဒေသကြီးအတွင်း စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအနေဖြင့် လမ်းလျှောက်သင်္ကြန်အပါအဝင် ဗဟိုမဏ္ဍပ်နှင့် အခြားသောမဏ္ဍပ်များအား ပုသိမ်မြို့ကမ်းနားလမ်းတွင် တစ်စုတစ်စည်းတည်းကျင်းပရာ ဆိုလာရေရရှိရေးစနစ်ဖြင့်လည်းကောင်း၊ လျှပ်စစ်မီးအသုံးပြု၍ စက်သုံးဆီသုံးစွဲရေးအား အနည်းဆုံးခြိုးခြံချွေတာနိုင်ရေးစီစဉ်ဆောင်ရွက်ထားလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ယခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အား နှစ်စဉ်နှစ်တိုင်းထက် ပိုမိုထူးခြားလေးနက်စွာ၊ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားသည့်အပြင် နှစ်ဆန်းတစ်ရက်နေ့တွင်လည်း ဇီဝိတဒါန ငါးလွှတ်ပွဲများ၊ သက်ကြီးပူဇော်ပွဲများအား စီစဉ်ဆောင်ရွက်ထားကြောင်း ဗဟိုမဏ္ဍပ်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးထံမှ သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

*◆ကျောဖုံးမှ*

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း၌ အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထားများ၌လည်း ခရီးသည်စီးနင်းမှု များပြားလာသည့်အတွက် အထက်တန်းတစ်တွဲ၊ ရိုးရိုးတန်း သုံးတွဲ ထပ်မံချိတ်ဆက်ပြေးဆွဲပေးခဲ့ပြီး ယခင် ရပ်တန့်ဘူတာ ၁၆ ဘူတာရှိရာမှ ဒိုက်ဦး၊ ရေနီ၊ ညောင်ရမ်း၊ မြစ်သား လေးဘူတာ ထပ်မံရပ်တန့်ပေးခဲ့သည်။



ထို့အတူ ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်း၌ ရထားစီးနင်းမှု များပြားလာသည့်အတွက် အမှတ် (၈၁) အဆန်၊ အမှတ်(၈၂)အစုန် လေအိတ်လူစီးအမြန်ရထား၌ ရိုးရိုးတန်း တစ်တွဲ ထပ်မံချိတ်ဆက်ပြေးဆွဲပေးခြင်း၊ ရန်ကုန်-ပြည် ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ်(၇၁)အဆန်၊ အမှတ်(၇၂)အစုန် လူစီးအမြန်ရထားသည် ခရီးသည်စီးနင်းမှုများပြားခြင်း၊ ကြည့်မြင်တိုင်-ပြည် ရထားလမ်းပိုင်း၌ အမှတ်(၆၃)အဆန်၊ အမှတ်(၆၄)အစုန်လူစီးစာပို့ရထားတွင် ရိုးရိုးတန်းနှစ်တွဲအား ထပ်မံချိတ်ဆက်ပြေးဆွဲပေးခဲ့ပြီး လက်ပံတန်း-သာရဝေါ ရထားလမ်းပိုင်း၌ အမှတ်(၁၉၅)အဆန်၊ အမှတ်(၁၉၆)အစုန် လော်ကယ်ရထားအား တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ပြေးဆွဲပေးလျက်ရှိရာမှ ခရီးသည်စီးနင်းမှုများပြားလာသည့်အတွက် မတ် ၂၈ ရက်မှစ၍ နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထားများ၊ နေပြည်တော်-မန္တလေးရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ် (၂၇)အဆန်၊ အမှတ်(၂၈)အစုန် လူစီးအမြန်ရထားများနှင့် ရန်ကုန်-နေပြည်တော်ရထားလမ်းပိုင်းတွင်ပြေးဆွဲနေသော လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများအား Online Railways Ticketing and Payment System (ORTP) ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး လက်မှတ်ခန့်မှန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ခရီးသွားပြည်သူများ ရထားစီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများ အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ရှိသည်။ **သတင်းစဉ်**

# ဆန်းသစ်တီထွင်မှုဖြင့် လှပသောအနာဂတ်ကို ဖန်တီးသူများနှင့် အထောက်အကူပြုသူများ

**ကျော်ကျော်(တရားရေး)**

ငွေနှင်းမှုန် ပဝါပါးလွှမ်းခြုံထားသော ရန်ကုန်မြို့ကြီးသည် တက်သစ်စနေခြည်နုကို မျှော်လင့်ရင်း မြို့သူမြို့သားများ၏ နှလုံးသားထဲ၌ တောက်ပသော အနာဂတ်အတွက် အားမာန်သစ်များကို ဖန်တီးပေးလျက်ရှိပါသည်။

Pleasure အမှတ်တံဆိပ် ဖိနပ်ထုတ်လုပ်ရောင်းချသူ ဦးဘုန်းမြတ်သူတစ်ယောက် Terminal Shopping Mall ရှိ ပန်းပျိုးလက်ဖိနပ်ဆိုင်အတွင်း Pleasure တံဆိပ်ဖိနပ်လေးများကိုကြည့်လိုက်၊ Laptop အတွင်းမှ ၎င်းကိုယ်တိုင် ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့်ရေးဆွဲထားသော "Pleasure" တံဆိပ်လေးကို ကြည့်လိုက်ဖြင့် စီးကရက်ကို ရှိုက်ဖွာရင်း မွန်းကျပ်ခြင်းများကို ဖြေလျှော့နေမိပါသည်။ ဇနီးသည် ဒေါ်သီရိဝေ ပြင်ဆင်ပေးသော နံနက်စာကို မထိမတို့အားသေး။ ဇနီးဖြစ်သူက "ရှင် စားစရာရှိတာစားပါ။ ဒီလောက်လည်း စိတ်အပင်ပန်းမခံပါနဲ့။ တရားကိုနတ်စောင့်ပါတယ်။ ရှင်ကိုယ်တိုင် စဉ်းစားတီထွင်ရေးဆွဲထားတဲ့ Pleasure တံဆိပ်လေးကို ကျွန်မတို့ပဲ ပိုင်ဆိုင်ရမှာပါ"ဟု ပြောလာမှသာ သတိဝင်လာပါတော့သည်။

ဦးဘုန်းမြတ်သူဆိုသည်ကလည်း ရန်ကုန်အင်ဂျင်နီယာတက္ကသိုလ်မှ ဒီဇိုင်းရေးဆွဲခြင်းအတတ်ပညာဖြင့် ဘွဲ့ရပြီးနောက် မိဘလက်ငုတ်ဖြစ်သည့် ဖိနပ်လုပ်ငန်းကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲထုတ်လုပ်၍ ရောင်းချနေသည်မှာ နိုင်ငံအတွင်းရှိ ဆိုင်ပေါင်းများစွာတွင် ဖြန့်ဖြူးရောင်းချသည်အထိ လုပ်ငန်းအောင်မြင်နေသူ တစ်ဦးဖြစ်သည်။

**ဆန်းသစ်တီထွင်ခြင်း**

ဆိုင်အတွင်းခင်းကျင်းထားသည့် မိန်းမစီး၊ ယောကျ်ားစီး ဖိနပ်လေးများပေါ်မှ Pleasure အမှတ်တံဆိပ်နှင့်တစ်ဖက်မှ တရားစွဲဆိုလာသည့် Treasure တံဆိပ်တို့၏ တူညီမှု၊ ခြားနားမှုတို့ကို ဥပဒေနှင့်အညီ ပြည့်စုံစွာချေပရန် ရှေ့နေကြီးဦးစည်သူဇော် ရောက်လာမည်ကိုစောင့်ရင်း အတွေးနယ်ချဲ့နေမိပါသည်။ ယခုအငြင်းပွားသော Pleasure တံဆိပ်ကို လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် စတင်အသုံးပြုခဲ့ရာ ဈေးကွက်အတွင်း သုံးစွဲသူများ အသိအမှတ်ပြုမှုခံရသည့် ကျော်ကြားသော အမှတ်တံဆိပ် ဖြစ်လာပါသည်။ မိဘများသုံးစွဲခဲ့သည့် Pleasure အမှတ်တံဆိပ်မှာ ယခင်ကရိုးရှင်းစွာ Pleasure စာသား အစိမ်းရောင် အောက်ခံတွင် ရွှေရောင်ရှူးဖိနပ် နှစ်ရန် ရှေ့နောက် ခြယ်သထားသည့် အမှတ်တံဆိပ်ဖြစ်သည်။ ဤ Pleasure အမှတ်တံဆိပ်အား ရောင်းအားမြှင့်တင်ရန်အတွက် တီဗွီတွင်လည်းကောင်း၊ Social media တွင်လည်းကောင်း၊ လက်ကမ်းစာစောင်များဖြင့်လည်းကောင်း အကြိမ်ကြိမ် ကြော်ငြာခဲ့သည့်အပြင် နိုင်ငံတော်သို့ အခွန်ငွေများလည်း နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။

ဖခင်ကြီးကိုယ်တိုင် ရေးဆွဲထား၍ သားဖြစ်သူ ကိုဘုန်းမြတ်သူ ဆက်လက်ဖြည့်စွက်ရေးဆွဲထားသည့် Pleasure အမှတ်တံဆိပ်၏ရှေ့တွင် အမျိုးသမီးစီး ဒေါက်ဖိနပ်လေးပေါ်တွင် အင်္ဂလိပ်အက္ခရာ P စာလုံးလေးအား တင်ထားသော အမှတ်တံဆိပ်ကို အောက်ခံရောင်ပြေးလေးပေါ်တွင် အသုံးပြုသူတို့ အကြိုက် ဖိနပ်ခုံအနိမ့်အမြင့်၊ သားရေသုံးစွဲမှု၊ သဲကြိုး အရောင်လေးများကို ဆန်းသစ်အောင် ကိုယ်ပိုင်စိတ်ကူးလေးများဖြင့် ချုပ်လုပ်ရောင်းချ၍ သုံးစွဲသူများ အသိအမှတ်ပြုခံထားရခြင်းကို အခြားသူတစ်ဦးက လွယ်လင့်တကူ ယူငင်သုံးစွဲခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ဖန်တီး ရောင်းချခြင်းဖြစ်သည်။

ဖခင်၏ စိတ်ကူးစိတ်သန်းကို ပုံဖော်ရေးဆွဲထားပြီး ခေတ်ကာလနှင့်အညီ ကိုဘုန်းမြတ်သူက ရေးဆွဲထုတ်လုပ်ရောင်းချလျက်ရှိသော Pleasure အမှတ်တံဆိပ်ကို ဈေးကွက်အတွင်းမှ ဖယ်ရှားပေးရန် တရားစွဲဆိုလာခြင်းအတွက် အလွန်တရာထိခိုက်ခံစားရပါသည်။ ယခုလို တရားစွဲဆိုလာသူမှာလည်း ယခင်က မိမိတို့ဆိုင်မှ Pleasure အမှတ်တံဆိပ်ပါ ဖိနပ်များကို ဝယ်ယူဖြန့်ဖြူး ရောင်းချခဲ့ဖူးသူ ဒေါ်ရတနာခိုင်က စွဲဆိုလာခြင်းဖြစ်၍လည်း ပိုမိုထိခိုက်ခံစားရပါသည်။ မိမိ၏ Pleasure တံဆိပ်ကို Treasure ဟူ၍ ဆင်တူယိုးမှားပြုလုပ်ကာ ဈေးကွက်ကို ခွဲဝေယူရန် စနစ်တကျ ကြိုတင်ပြင်ဆင်တရားစွဲဆိုလာခြင်းအတွက် မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းရမည်ကို အမျိုးမျိုး တွေးတောပူပန်နေရ၍လည်း တရားရုံးမှ အကြောင်းကြားစာကို ရရှိသည်မှစ၍ ဤအကြောင်းအရာများကိုသာ အပြန်ပြန်အလှန်လှန် တွေးတောပူပန်နေမိပါသည်။

ဤ Pleasure တံဆိပ်ဖြင့် ထုတ်လုပ်ရောင်းချ၍ ရသောငွေဖြင့် မိမိတို့ မိသားစုစားဝတ်နေရေး အထောက်အကူပြုရုံတင်မက မိမိဆိုင်ရှိ အလုပ်သမားလေးများ၏ စားဝတ်နေရေး အဆင်ပြေမှု ကောင်းစွာ အထောက်အကူပြုနိုင်ပါသည်။ မိမိလူမျိုး၊ မိမိနိုင်ငံကို ချစ်မြတ်နိုးသည့် စိတ်ကြောင့်လည်း အလုပ်သမားလူငယ်လေးများ၏ ဘဝကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် တတ်စွမ်းသမျှ အထောက်အကူပြုနိုင်ရန် Pleasure တံဆိပ်ဖိနပ်လေးများကို ဒီဇိုင်းအသစ်အဆန်းလေးများ တီထွင်ရေးဆွဲ ရောင်းချခြင်းဖြင့် မိမိနိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများကို ဆန်းသစ်တီထွင်ဆောင်ရွက်ရန် နည်းပေးလမ်းပြ ပြုစုပျိုးထောင်သဖြင့် တိုးတက်အောင်မြင်လာသော လူငယ်လေးများက လေးစားသဖြင့် ပန်းပျိုးသော လက်ပိုင်ရှင်ဟုပင် ခင်မင်လေးစားသဖြင့် ခေါ်ဝေါ်ခံရသူဖြစ်သည်။

ကွန်ပျူတာမျက်နှာပြင်ပေါ်ရှိ အစိမ်းရောင်ပေါ်တွင် ရွှေရောင် Pleasure တံဆိပ်နှင့် ငွေရောင် Treasure တံဆိပ်များကို စူးစိုက်ကြည့်ရှုရင်း ငေးမောနေသူကို ဘုန်းမြတ်သူတစ်ယောက် "မင်္ဂလာပါ"ဟု နှုတ်ဆက်သူရှေ့နေကြီး ဦးစည်သူဇော်ရောက်ရှိလာမှ အတွေးနယ်က လန့်နိုးလာပါသည်။

**ကျော်ကြားသောအမှတ်တံဆိပ်**

ရှေ့နေဦးစည်သူဇော်က "ကျွန်တော် ဖိနပ်ဒီဇိုင်းလေးတွေကို သေသေချာချာ ကြည့်ပါမယ်။ ကျွန်တော့်ကို ဖိနပ်လေးတွေ ပြပေးပါ။ ဖိနပ်နဲ့ပတ်သက်ပြီး ဘယ်နှခုနှစ်ကတည်းက စတင်သုံးစွဲခဲ့တယ်ဆိုတာ အထောက်အထားတွေရှိရင် ပေးပါ။ သိပ်လည်း စိတ်မပူပါနဲ့။ ဒီလို မူပိုင်ခွင့်မှုခင်းတွေကို မှန်ကန်စွာ အဆုံးအဖြတ်ပေးနိုင်ဖို့ မူပိုင်ခွင့်တရားရုံးကို ထူထောင်ပြီး ကျွမ်းကျင်တဲ့ မူပိုင်ခွင့် တရားသူကြီးတွေ ခန့်အပ်ထားတာ ရှိပါတယ်။ ဓမ္မောဟဝေ ရက္ခတုဓမ္မစာရီ တရားကို နတ်စောင့်ပါတယ် "ဟု ယုံကြည်ချက်အပြည့်ဖြင့် အားပေးပြောကြားမှ ကိုဘုန်းမြတ်သူတို့ လင်မယားလည်း စိတ်အားတက်ကြွလန်းဆန်းလာပါသည်။

" Pleasure တံဆိပ်နဲ့ ကြော်ငြာထားတာတွေရှိသလို နှစ်စဉ်အခွန်ဆောင်ထားတာ တွေလည်းရှိတယ်။ ဒါ့အပြင် Pleasure တံဆိပ်နဲ့ ရောင်းချထားတဲ့ ဘောက်ချာစာအုပ်တွေ အများကြီးရှိပါတယ်" ဟု ပြောလေသည်။

ထို့နောက် ရှေ့နေကြီး ဦးစည်သူဇော်လည်း ကိုဘုန်းမြတ်သူတို့ ထုတ်ပြသည့် Pleasure တံဆိပ်ပါ ကြော်ငြာများ၊ အခွန်ဆောင်ထားသည့် စာရွက်များ၊ ရောင်းချထားသည့် ပြေစာများကိုကြည့်ကာ "ကျွန်တော်တို့ အောင်မြင်နိုင်ပါတယ်" ဟု ယုံကြည်ချက်အပြည့်ဖြင့် အားပေးလာမှ ပြုံးနိုင်ရယ်နိုင်ကြတော့သည်။

"ရောင်းချထားတဲ့ ပြေစာတွေထဲမှာ အခုတရားစွဲဆိုတဲ့ ဒေါ်ရတနာခိုင်ကို ရောင်းချခဲ့တဲ့ ပြေစာလေး တွေ့ရှိနိုင်တယ်"ဟု ပြော၍ ဝန်ထမ်းများကို ရှာခိုင်းထားပါသည်။

မူလမိဘလက်ငုတ်လက်ရင်း Pleasure ဆိုသော ရွှေရောင်စာလုံးလေးများကို မိမိနှစ်သက်သည့် အစိမ်းရောင်အောက်ခံတွင် အနုပညာဆန်စွာ ရေးသားဖော်ပြခြင်းဖြင့် သုံးစွဲသူများအား ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်း၊ ကျန်းမာခြင်း၊ လာဘ်လာဘပေါများစေခြင်းတို့ကို ဖော်ပြခြင်းဖြင့် အနက်အဓိပ္ပာယ်ဖော်ဆောင်သည့် အဝါရောင်၊ အဖြူရောင်၊ အပြာရောင်၊ အနီရောင် ဟူသည့် အရောင်ပြေးလေးများကို လှပစွာ ရောစပ်ခြယ်သ၍ အရည်အသွေးကောင်းမွန်သည့် ဖိနပ်ဒီဇိုင်းလေးများရေးဆွဲ၍ ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချခဲ့ခြင်းဖြစ်သည်။

၎င်း၏ Pleasure ဖိနပ်ကလေးများမှာ ဒီဇိုင်းသစ်ဆန်းလှပသည့်အပြင် ကြံ့ခိုင်မှုရှိခြင်း၊ အရောင်အသွေးလှပခြင်း စသည့် ပုံသေအရည်အသွေး၊ စံနှုန်းအတိုင်း ပြည့်စုံနေအောင် သုံးစွဲသူများ လက်ခံလာအောင် ဖော်ပြထားပါသည်။

သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်က ပုံမှန်အရည်အသွေး၊ စံနှုန်းကို ထိန်းသိမ်းထားသော ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများကို ထုတ်လုပ်ဆောင်ရွက်ပေးနေခြင်းဖြင့် ဝယ်ယူသုံးစွဲသူတို့က ယုံကြည်စိတ်ချစွာ သုံးစွဲမှုရှိနိုင်မည် ဖြစ်ပါသည်။

> **"ဝယ်ယူသုံးစွဲသူက ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများတွင် အသုံးပြုထားသော ကုန်အမှတ်တံဆိပ်ကို ခွဲခြားကြည့်ရှုကာ မိမိလိုအပ်သော ကုန်ပစ္စည်း၊ ဝန်ဆောင်မှုကို ရယူကြသည် ဖြစ်ခြင်းကြောင့် ကုန်ပစ္စည်း၊ ဝန်ဆောင်မှုကို ရောင်းချသူအနေဖြင့် မိမိ၏ ကုန်ပစ္စည်းဝန်ဆောင်မှုများကို အခြားသူ၏ ကုန်ပစ္စည်းများနှင့် ကွဲကွဲပြားပြားဖြစ်စေရန် လုပ်ဆောင်ပေးသော အရေးပါလှသည့် စွမ်းရည်ပင်ဖြစ်သည်"**

ဝယ်ယူသုံးစွဲသူက ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများတွင် အသုံးပြုထားသော ကုန်အမှတ်တံဆိပ်ကို ခွဲခြားကြည့်ရှုကာ မိမိလိုအပ်သော ကုန်ပစ္စည်း၊ ဝန်ဆောင်မှုကို ရယူကြသည် ဖြစ်ခြင်းကြောင့် ကုန်ပစ္စည်း၊ ဝန်ဆောင်မှုကို ရောင်းချသူအနေဖြင့် မိမိ၏ ကုန်ပစ္စည်း ဝန်ဆောင်မှုများကို အခြားသူ၏ ကုန်ပစ္စည်းများနှင့် ကွဲကွဲပြားပြားဖြစ်စေရန် လုပ်ဆောင်ပေးသော အရေးပါလှသည့် စွမ်းရည်ပင်ဖြစ်သည်။

**ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်အဖြစ် တရားစွဲဆိုလာသူ**

တစ်ဖက်တွင် လှည်းတန်းရှိ ကုန်တိုက် ဒုတိယထပ်တွင် ဖွင့်လှစ်ထားသည့် Treasure Fashion Shop တွင်လည်း ဒေါ်ရတနာခိုင်နှင့် သူ၏တရားလွှတ်တော်ရှေ့နေကြီး ဒေါ်ဝင့်ရွှေစင် တို့သည် ဒေါ်ရတနာခိုင်၏ ဖိနပ်အရောင်းပြခန်းရှိ ရုံးခန်းတွင် အမှုကိစ္စအောင်နိုင်ရေးအတွက် တိုင်ပင်လျက်ရှိကြပါသည်။ ရှေ့နေကြီး ဒေါ်ဝင့်ရွှေစင်က"ကျွန်မတို့ တရားစွဲတာကို မူပိုင်ခွင့်တရားရုံးဖြစ်တဲ့ ကျောက်တံတားခရိုင်တရားရုံးက အဆိုလွှာကို လက်ခံထားပြီးပြီ။ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ရုံးမှာ မှတ်ပုံတင်ထားတာကို မစောင့်နိုင်လို့ တရားမမှုစွဲပေမယ့် အချက်အလက်တွေကို စုစည်းပြီး ကျွန်မတို့က ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ကြောင်း တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်အောင် ဖော်ပြထားပါတယ်။ တစ်ဖက်က သုံးစွဲတဲ့ Pleasure အမှတ်တံဆိပ်နဲ့ ကျွန်မတို့သုံးစွဲတဲ့ Treasure အမှတ်တံဆိပ်က အဓိပ္ပာယ်ကွဲလွဲပေမယ့် စာလုံးရဲ့ရှေ့မှာ ဖော်ပြထားတဲ့ အမျိုးသမီးစီးဒေါက်ဖိနပ်လေးထားပုံကလည်း တူတယ်၊ ပန်းစာလုံးလည်း တူတယ်၊ အောက်ခံအရောင်ပြေးလေးတွေလည်း တူတယ်၊ အသံထွက်လည်း ခပ်ဆင်ဆင်တူတယ်ဆိုတော့ သုံးစွဲသူတွေကို ထင်ယောင်ထင်မှားဖြစ်စေတယ်ဆိုပြီး အမှုကို အောင်မြင်အောင် စွဲဆိုပေးထားတာ"ဟု ဂုဏ်ယူဝင့်ကြွားစွာ ရှင်းပြနေပါသည်။

ကျွန်မတို့ ကြော်ငြာထားတာတွေ လွန်ခဲ့တဲ့ နှစ်နှစ်လောက်အတွင်း ရောင်းချထားတဲ့ ပြေစာတွေလည်း စုထားတယ်။ ဆိုရှယ်မီဒီယာမှာ ကြော်ငြာတာတွေလည်း စုထားတယ်။ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ရုံးမှာ လျှောက်ထားတဲ့ လျှောက်လွှာလည်းပါတယ်။ ဒေါ်ရတနာခိုင် မှတ်ပုံတင်မရသေးခင် စွဲချင်တယ်ဆိုလို့ စွဲလို့ရအောင် ကျော်ကြားတဲ့ အမှတ်တံဆိပ် အထောက်အထားတွေလည်း ပြင်ဆင်ပြီး လက်ဦးမှုယူပြီး စွဲတာ"ဟု အားပေးပြောကြားနေပါသည်။

**မူပိုင်ခွင့်တရားရုံးသို့ သွားရောက်ခြင်း**

ရုံးချိန်းနေ့တွင် ကိုဘုန်းမြတ်သူတစ်ယောက် ရှေ့နေ ဦးစည်သူဇော်နှင့်အတူ မူပိုင်ခွင့် တရားရုံးဖြစ်သော ကျောက်တံတားခရိုင်တရားရုံး၊ တရားခွင်အတွင်းသို့ နံနက် ၉ နာရီကပင် ရောက်ရှိနေပါသည်။ တစ်ဖက်မှ တရားစွဲဆိုသူ ဒေါ်ရတနာခိုင်နှင့် သူ၏ရှေ့နေ ဒေါ်ဝင့်ရွှေစင်တို့ကလည်း မရှေးမနှောင်းပင် ကျောက်တံတားခရိုင် တရားရုံးသို့ ရောက်ရှိလာပါသည်။ ကျောက်တံတားခရိုင် တရားရုံး ဆိုသည်ကလည်း ရန်ကုန်မြို့၏အထင်ကရ ခရေပင်လမ်းမပေါ်တွင် တည်ရှိကာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး ခေတ်မီကွန်ဒို အဆောက်အအုံများအလယ်တွင် နိုင်ငံတကာအဆင့်မီ ဆက်သွယ်ရေးစနစ်များ၊ အသံစနစ်များ၊ ကွန်ပျူတာများဖြင့်

*စာမျက်နှာ ၇ သို့*

**“ကိုဘုန်းမြတ်သူနှင့် သူ၏ရှေ့နေ ဦးစည်သူဇော်တို့ကလည်း ဒေါ်ရတနာခိုင်တို့ကို ခင်ဗျားတို့ စွဲထားတဲ့အမှုကို နုတ်ပေးပါ။ ကျွန်တော်တို့က လွတ်လပ်ရေးမတိုင်ခင်ကတည်းက ဘိုးဘွားစဉ်ဆက် Pleasure တံဆိပ်နဲ့ဖိနပ်တွေ ရောင်းလာတာ၊ အခု ကိုဘုန်းမြတ်သူ အိမ်ထောင်ကျတော့မှ ပန်းပျိုးလက် PPL ကို အောက်ခံပါးပါးလေး ထည့်ရောင်းမယ်၊ ခင်ဗျားတို့ဘက်ကလည်း Treasure အောက်မှာ Fashion ဆိုတဲ့ စာလုံးလေးထည့် ဖိနပ်လေးတစ်ရန်စီ ရှေ့နောက်ရုံပြီး ရောင်းကြမယ်ဆိုတော့ အားလုံးအဆင်ပြေသွားတာပေါ့ဟုပြောကာ တစ်ဖက်နှင့်တစ်ဖက် ပြေလည်သွားကြကာ စေ့စပ်ဖြေရှင်းမှု အောင်မြင်သွားပြီဖြစ်၍ နှစ်ဖက်စလုံးက သဘောတူညီကြသဖြင့် စေ့စပ်ဖြေရှင်းရေးမှတ်တမ်းတွင် အောင်မြင်ကြောင်း လက်မှတ်ရေးထိုးကြပါသည်”**

*စာမျက်နှာ ၆ မှ*

ခေတ်မီသည့် နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားသည့် တရားရုံးဖြစ်ပါသည်။

တရားရုံး ပတ်ဝန်းကျင်နှင့် အတွေ့အကြုံမရှိသူ ကိုဘုန်းမြတ်သူတစ်ယောက် တရားခွင်တက်လာသောဝတ်ရုံဖြင့် တရားသူကြီး အမျိုးသမီးကို တွေ့မြင်ရသည့်အခါ မြန်မာနိုင်ငံ တရားရုံးများတွင် တရားသူကြီးများ၏ ဝတ်စားဆင်ယင်မှု၊ ခန့်ညားထည်ဝါမှုကို အံ့သြမှင်သက်နေမိပါသည်။ တရားခွင် စာရေးဖြစ်သူမှ တရားလို ဒေါ်ရတနာခိုင်နှင့် တရားပြိုင် ကိုဘုန်းမြတ်သူဟု ခေါ်သောအခါမှ တရားလွှတ်တော် ရှေ့နေများနှင့်အတူ တရားခွင်ရှေ့သို့ရောက်ရှိရာ အမှုစစ်တရားသူကြီးက “ယခုကဲ့သို့ မူပိုင်ခွင့်ချိုးဖောက်မှုအတွက် စွဲဆိုမှုများကို စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်လိုက ဆောင်ရွက်နိုင်ရန် စေ့စပ်ဖြေရှင်းရေးဌာနသို့ ပေးပို့မည်” ဖြစ်ကြောင်းပြောပါသည်။ လာမည့်ရုံးချိန်းတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ဝင်းအတွင်းရှိ စေ့စပ်ဖြေရှင်းရေးဌာနသို့ သွားရောက်ရန် ပြောပါသည်။

### ပြီးပြည့်စုံသော တရားမျှတခြင်းတွေ ဆောင်ကြဉ်းပေးနိုင်ပါစေ

တရားရုံးမှအပြန်တွင် ရှေ့နေကြီးအား “စေ့စပ်ဖြေရှင်းရေးဌာနဆိုတာ အမှုမှာ ဘယ်လိုဆောင်ရွက်ပေးတာလဲ” ဟု မေးရာ ရှေ့နေကလည်း “နှစ်ဖက်အငြင်းပွားမှုကို စေ့စပ်ဖြေရှင်းရေး အရာရှိက နှစ်ဖက်သဘောထားရယူပြီး ဖြေရှင်းပေးတာပါ။ အသေးစိတ်သိချင်ရင်တော့ Yangon High Court Website မှာ ဝင်ကြည့်လို့ရတယ်။ MRTV တွေ့ဆုံမေးမြန်းအသိပေးတာတွေရှိတယ်။ ရုပ်သံဇာတ်လမ်းတွေရှိတယ်။ ကျွန်တော်မှတ်မိသလောက် “ပြီးပြည့်စုံသော တရားမျှတမှုကို ဆောင်ကြဉ်းပေးခြင်း” ဆိုတဲ့ခေါင်းစဉ်နဲ့ MRTV က ရိုက်ကူးပြီး အကြိမ်ကြိမ် ထုတ်လွှင့်နေတဲ့ Video ဖိုင်လေးကို ကြည့်ပြီး လေ့လာလို့ရပါတယ်။ Yangon High Court Website ထဲ ဝင်ကြည့်လိုက်ပါ” ဟု ပြောပါသည်။

စေ့စပ်ဖြေရှင်းရေးဌာနသို့ သွားရောက်ရမည်ဟု သိရပြီးနောက် ဦးဘုန်းမြတ်သူသည် စေ့စပ်ဖြေရှင်းရေးလုပ်ငန်းစဉ်၏ သဘောသဘာဝကို သိရှိနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က Website တွင် တင်ထားသော စေ့စပ်ဖြေရှင်းရေးအကြောင်း သိမှတ်စရာများ Youtube Video Files များကို အပြန်ပြန်အလှန်လှန် ကြည့်နေမိပါသည်။ စေ့စပ်ဖြေရှင်းရေး အောင်မြင်သွားသည့် ပြီးပြည့်စုံသော တရားမျှတမှုကို ဆောင်ကြဉ်းပေးခြင်း Video File လေးကို အပြန်ပြန်အလှန်လှန် ကြည့်မိရင်း “တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်းက ကျွန်မတို့ မိသားစုအတွက် ပြီးပြည့်စုံသော တရားမျှတခြင်းတွေကို ဆောင်ကျဉ်းပေးခဲ့ပါပြီ”ဟု ရွတ်ဆိုသော သမီးငယ်လေး၏ အသံက နားထဲတွင် ပဲ့တင်ထပ်နေပါသည်။ ငါတို့မိသားစုအတွက်လည်း ပြီးပြည့်စုံသော တရားမျှတခြင်းတွေ ဆောင်ကြဉ်းပေးနိုင်ပါစေဟုသာ အခါခါ ဆုတောင်းနေမိပါသည်။

### စေ့စပ်ဖြေရှင်းရေးဌာန

ဦးဘုန်းမြတ်သူ၊ ဇနီးဖြစ်သူ ဒေါ်သီရိဝေ၊ တရားလွှတ်တော်ရှေ့နေကြီး ဦးစည်သူဇော်တို့နှင့်အတူ စေ့စပ်ဖြေရှင်းရေးဌာနသို့ သွားရောက်ရာ မဟာဗန္ဓုလပန်းခြံဂိတ်ပေါက်မှ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ဝင်းအတွင်း နာရီစင်အောက်မှ ဖြတ်၍ စေ့စပ်ဖြေရှင်းရေးဌာနသို့ လမ်းညွှန်ဆိုင်းဘုတ်များအတိုင်း သွားရောက်ရပါသည်။

စေ့စပ်ဖြေရှင်းရေးဌာန၏ ရုံးခန်းအပြင်အဆင်မှာ ကျောက်တံတားခရိုင်တရားရုံး၏ တရားခွင်ကဲ့သို့ ခံ့ညားထည်ဝါမှု မရှိလှသော်လည်း သန့်ရှင်းသပ်ရပ်သော ရုံးခန်းအတွင်း ရင်းနှီးနွေးထွေးစွာ စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ရမည်ဖြစ်၍ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိစွာ ဆွေးနွေးနိုင်မည်ဟု ယုံကြည်မျှော်လင့်နေမိပါသည်။

### စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်း

တာဝန်ရှိဝန်ထမ်းမှ စေ့စပ်ဖြေရှင်းရေးရုံးခန်းအတွင်း ကြွရောက်ရန်ခေါ်သဖြင့် တစ်ဖက်မှ ဒေါ်ရတနာခိုင်နှင့် သူ၏ရှေ့နေ၊ ဦးဘုန်းမြတ်သူနှင့် သူ၏ ရှေ့နေတို့က မျက်နှာချင်းဆိုင်နေရာယူပြီးနောက် စေ့စပ်ဖြေရှင်းရေးအရာရှိက “တစ်ဖက်နှင့်တစ်ဖက် အရင်ကတည်းက ခင်မင်မှုရှိပါသလား” ဟုမေးရာ “ရှိပါတယ်” ဟု အတူတူ ဖြေကြပါသည်။ ကိုဘုန်းမြတ်သူ၏ ရှေ့နေ ဦးစည်သူဇော်က “အရင်တုန်းက တစ်ဖက်က ဒေါ်ရတနာခိုင်တို့က ဦးဘုန်းမြတ်သူတို့ရဲ့ Pleasure တံဆိပ်ဖိနပ်တွေကို ဖောက်သည်ယူပြီး ရောင်းဖူးပါတယ်”ဟုပြောရာ ဒေါ်ရတနာခိုင်တို့က ငြင်းဆိုခြင်း မပြုခဲ့ပါ။

“အခုရော ဘယ်လောက်တောင် တူနေကြလဲ” ဟုမေးရာ ဒေါ်ရတနာခိုင်က “အကုန်လုံးတော့ မတူပါဘူး။ ကျွန်မက Treasure နာမည်နဲ့ မှတ်ပုံတင်ဖို့ လျှောက်ထားနေပါတယ်၊ ဈေးကွက်ထဲမှာ ကျော်ကြားမှုလည်းရှိနေပါတယ်” ဟု ပြောလေသည်။

ဦးဘုန်းမြတ်သူကလည်း “ကျွန်တော်က Pleasure တံဆိပ်နဲ့ ရောင်းလာတာ မိဘများလက်ထက်ကတည်းကပါ။ အများသိအောင် ကြော်ငြာပြီး ရောင်းတာပါ။ နိုင်ငံတော်ကိုလည်း ပုံမှန်အခွန်ထမ်းဆောင်ထားတဲ့ အထောက်အထားတွေလည်း ရှိပါတယ်၊ ကျွန်တော့်ကိုတောင်မှ လုပ်ငန်းတူမိတ်ဆွေတွေက ဖိနပ်ဒီဇိုင်း၊ အမည်တွေ ကိုယ်တိုင် ရေးဆွဲတာကြောင့် ပန်းပျိုးသော လက်လို့ခေါ်ကြတာ သူတို့လည်း သိပါတယ်” ဟု ပြောလေရာ ဒေါ်ရတနာခိုင်မှာ တစ်စုံတစ်ရာ ပြန်လည်မပြောနိုင်တော့ပါ။

“မိဘတွေလက်ထက်ကတည်းက သုံးစွဲခဲ့တဲ့ Pleasure အမှတ်တံဆိပ်ကို ကျွန်တော်ကိုယ်တိုင် ကွန်ပျူတာနဲ့ ခေတ်မီအောင် ပန်းစာလုံးဖော်ပြီး တံဆိပ်ကို တခြားလူတွေနဲ့မတူအောင် ဖိနပ်ပုံလေး ပါထည့်ပြီး မျဉ်းကြောင်းများ၊ အရောင်ထူးထူးခြားခြားဖြစ်အောင် ဆွဲထားတာပါ။ ပြီးတော့ ကျွန်တော့်ဆိုင်နာမည် ပန်းပျိုးလက် PPL ဆိုတဲ့ စာလုံးကို အစိမ်းရောင်အောက်ခံပေါ်မှာ ဆွဲထားပါသေးတယ်။ ပြီးတော့ ကျွန်တော့်သုံးစွဲတဲ့ Pleasure နဲ့ သူတို့သုံးစွဲတဲ့ Treasure က အဓိပ္ပာယ်ခြင်းလည်း တူကြတာမဟုတ်ပါဘူး”ဟု ရှင်းပြပါသည်။

စေ့စပ်ဖြေရှင်းရေးအရာရှိက “ကျွန်မအနေနဲ့ ကုန်အမှတ်တံဆိပ်တစ်ခုမှာ ရှိရမည့် စွမ်းရည်တွေ၊ ကျော်ကြားတဲ့ အမှတ်တံဆိပ်တွေအကြောင်းကို အရင်ရှင်းပြပေးချင်ပါတယ်။ ကုန်အမှတ်တံဆိပ်တစ်ခုမှာရှိရမယ့် စွမ်းရည်တွေက ပစ္စည်းရဲ့ထုတ်လုပ်ရာကို ဖော်ပြတဲ့စွမ်းရည်၊ ပစ္စည်းရဲ့အရည်အသွေးကို အာမခံနိုင်တဲ့စွမ်းရည်နဲ့ ကြော်ငြာစွမ်းရည်တို့ ရှိကြပါတယ်” ကုန်အမှတ်တံဆိပ်ရဲ့ ရည်ရွယ်ချက်တွေကတော့ ယေဘုယျအားဖြင့် ကုန်အမှတ်တံဆိပ်ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ဝန်ဆောင်မှုများကို အခြားသော လုပ်ငန်းများ၏ ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုလိုကြောင်း အသိပညာပေးရှင်းပြပါတယ်၊ ဆက်လက်၍ စေ့စပ်ဖြေရှင်းရေးအရာရှိက ကျော်ကြားသော အမှတ်တံဆိပ်ဖြစ်ရန် လိုအပ်ချက်များကို ရှင်းပြပါသည်။

### ကျော်ကြားသော အမှတ်တံဆိပ်ဖြစ်ရန် လိုအပ်ချက်များ

မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်ကို ကျော်ကြားသော အမှတ်တံဆိပ်အဖြစ် ဆုံးဖြတ်ရာတွင် နိုင်ငံတော်အတွင်း သက်ဆိုင်ရာနယ်ပယ်တွင် အများပြည်သူ၏ အသိအမှတ်ပြုမှု သို့မဟုတ် လူသိများမှုပမာဏ၊ အမှတ်တံဆိပ်အသုံးပြုမှု တစ်ရပ်ရပ်၏ အချိန်ကာလအတိုင်းအတာနှင့် နယ်ပယ်ဒေသ၊ အမှတ်တံဆိပ်အသုံးပြုထားသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ကြော်ငြာခြင်း သို့မဟုတ် အများပြည်သူသိရှိရန် ဆောင်ရွက်ခြင်းနှင့် ကုန်စည်ပြပွဲဆိုင်ရာ ခင်းကျင်းပြသခြင်းများ အပါအဝင် အမှတ်တံဆိပ်ကို ရောင်းအားမြှင့်တင်ခြင်းပြုလုပ်သည့် အချိန်ကာလ၊ အတိုင်းအတာနှင့် နယ်ပယ်ဒေသ၊ အမှတ်တံဆိပ်၏ အသုံးပြုမှုနှင့် အသိအမှတ်ပြုမှုတို့ကို တိုင်းတာရန် ယင်းအမှတ်တံဆိပ်၏ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဖြစ်စေ၊ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဖြင့်ဖြစ်စေ၊ မူပိုင်ခွင့်မှတ်ပုံတင်ရန် လျှောက်ထားခြင်းဖြင့်ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ ယင်းတို့နှင့် သက်ဆိုင်သည့် အချိန်ကာလနှင့် နယ်ပယ်ဒေသ၊ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးနှင့်စပ်လျဉ်း၍ အရေးယူမှုဆိုင်ရာ အောင်မြင်သောမှတ်တမ်းများ၊ အထူးသဖြင့် သက်ဆိုင်ရာ အာဏာပိုင်များက ကျော်ကြားသော အမှတ်တံဆိပ်အဖြစ် အသိအမှတ်ပြုသော မှတ်တမ်းများ၊ အမှတ်တံဆိပ်၏တန်ဖိုး၊ အမှတ်တံဆိပ်သည် ကျော်ကြားသော အမှတ်တံဆိပ်ဖြစ်ကြောင်း ဆုံးဖြတ်နိုင်သည့် အခြားသော အချက်အလက်များ စသည်ဖြင့် ကျော်ကြားသော အမှတ်တံဆိပ်ဖြစ်ရန်အတွက် လိုအပ်ချက်များကို စေ့စပ်ဖြေရှင်းရေးအရာရှိက ရှင်းပြပါသည်။

“အခုကျွန်မပြောပြတဲ့ အချက်အလက်ပြည့်စုံမှ ကျော်ကြားတဲ့ အမှတ်တံဆိပ်အဖြစ် ဥပဒေအရ အသိအမှတ်ပြုမည်ဖြစ်ကြောင်း ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ရေး နည်းဥပဒေ အပိုဒ်-၅၁ မှာ ပြဋ္ဌာန်းထားတာကို ပြောပြတာပါ။ မိမိတို့ရဲ့ ကုန်အမှတ်တံဆိပ်ဟာ အခု ကျွန်မပြောပြတဲ့ လိုအပ်ချက်တွေနဲ့ပြည့်စုံရဲ့လားဆိုတာ စဉ်းစားပြီး နှစ်ဦးနှစ်ဖက် ပြေလည်အောင် ဆောင်ရွက်ကြပါ”ဟု စေ့စပ်ဖြေရှင်းရေးအရာရှိက ရှင်းပြပါသည်။

နှစ်ဖက်အမှုသည်များနှင့် ရှေ့နေကြီးများအနေဖြင့် မိမိတို့၏ ကုန်အမှတ်တံဆိပ်သည် ဥပဒေနှင့်အညီ အခွင့်ရေးရခြင်း မရခြင်းကို အလေးအနက်စဉ်းစားပြီး နှစ်ဦးနှစ်ဖက်လုပ်ငန်းများလည်း မပျက်ဆောင်ရွက်နိုင်မည့် နည်းလမ်းကို ရှာဖွေစဉ်းစားပြီး ညှိနှိုင်းမှုကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုပါတယ်ဟု ရှင်းပြပါသည်။ နှစ်ဖက်ရှေ့နေကြီးများအနေဖြင့် အပြင်သို့ခဏထွက်ပြီး မိမိတို့၏ အမှတ်တံဆိပ်ဟာ ကျွန်မပြောပြတဲ့ ကျော်ကြားသည့် အမှတ်တံဆိပ်ဖြစ်ရန် လိုအပ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ နှစ်ဦးနှစ်ဖက် ဆက်လက်သုံးစွဲနိုင်မည့် နည်းလမ်းတွေကို စဉ်းစားပြီး ရှေ့ဆက်လုပ်မည့် လုပ်ငန်းစဉ်များကို ပြန်လည်တင်ပြပေးပါဟု ပြောလိုက်ပါသည်။

### စေ့စပ်ဖြေရှင်းရေးအောင်မြင်ခြင်း

နှစ်ဖက်အမှုသည်များနှင့် ရှေ့နေများသည် စေ့စပ်ဖြေရှင်းရေး ရုံးခန်းအပြင်ဘက်သို့ ခဏထွက်သွားပြီး အမှုသည်နှင့် ရှေ့နေတို့ ညှိနှိုင်းကြပြီး နာရီဝက်ခန့်အကြာတွင် စေ့စပ်ဖြေရှင်းရေးရုံးခန်းအတွင်းသို့ ပြန်လည် ဝင်ရောက်လာပါသည်။

တရားလိုဖြစ်သူ ဒေါ်ရတနာခိုင်၏ ရှေ့နေ ဒေါ်ဝင့်ရွှေစင်တို့က ဦးစွာဝင်လာပြီး “ကျွန်မတို့ရဲ့ Treasure အမှတ်တံဆိပ်နဲ့ လုံးဝကွဲပြားခြားနားအောင် တစ်ဖက်က ပြင်ဆင်သုံးစွဲမယ်ဆိုရင် ကျွန်မတို့ စွဲထားတဲ့အမှုကို ပြန်ရုပ်သိမ်းပေးပါမယ်”ဟု ပြောရာ တစ်ဖက်မှ ကိုဘုန်းမြတ်သူတို့ဘက်ကလည်း “ကျွန်တော်တို့ Pleasure အမည်ဖြင့် ရောင်းချတာကို မကန့်ကွက်ပါနဲ့၊ ကျွန်တော်တို့ရဲ့ Pleasure စာလုံးအောက်မှာ ကျွန်တော့်ရဲ့ဆိုင်အမည် ပန်းပျိုးလက်ကို PPL ဟု တစ်ဖက်နဲ့တစ်ဖက် ဆင်တူယိုးမှားမဖြစ်ရအောင် ဖော်ပြပေးပါမယ်”ဟု ညှိနှိုင်းပြောဆိုလာပါသည်။

“ဒေါ်ရတနာခိုင်ကလည်း အဆင်ပြေပါတယ်ရှင်၊ ကျွန်မရဲ့ Treasure တံဆိပ်ရဲ့ ဘေးတစ်ဖက်စီမှာ အဝါရောင် ဖိနပ်လေးတစ်ရန်စီ ဘေးမှာရုံပေးပြီး အောက်မှာ Fashion ဆိုတဲ့စာလုံးလေးကို ထည့်ပေးပါ့မယ်ရှင်”ဟု ပြန်လည်ညှိနှိုင်းပြောဆိုလာသဖြင့် နှစ်ဦးနှစ်ဖက် ပြေလည်မှုရရှိလာပါသည်။ နှစ်ဖက်ရှေ့နေကြီးများကလည်း “အင်မတန်သင့်လျော်တဲ့ ဆွေးနွေးညှိနှိုင်းမှုဖြစ်ပါတယ်”ဟု ပြောလေရာ စေ့စပ်ဖြေရှင်းရေးအရာရှိ ဒေါ်အေးမြတ်စန္ဒာမှာ အောင်မြင်သူ၏ အပြုံးဖြင့် “ယနေ့ စေ့စပ်ဖြေရှင်းမှု အောင်မြင်သွားပါပြီရှင်”ဟု ပြောပါသည်။

ကိုဘုန်းမြတ်သူနှင့် သူ၏ရှေ့နေ ဦးစည်သူဇော်တို့ကလည်း ဒေါ်ရတနာခိုင်တို့ကို “ခင်ဗျားတို့ စွဲထားတဲ့အမှုကို နုတ်ပေးပါ။ ကျွန်တော်တို့က လွတ်လပ်ရေးမတိုင်ခင်ကတည်းက ဘိုးဘွားစဉ်ဆက် Pleasure တံဆိပ်နဲ့ ဖိနပ်တွေ ရောင်းလာတာ၊ အခု ကိုဘုန်းမြတ်သူ အိမ်ထောင်ကျတော့မှ ပန်းပျိုးလက် PPL ကို အောက်ခံပါးပါးလေး ထည့်ရောင်းမယ်၊ ခင်ဗျားတို့ဘက်ကလည်း Treasure အောက်မှာ

*စာမျက်နှာ ၈ သို့*

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်



**ပုသိမ် မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက်ရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်ပေးကြသည်။ ဆက်လက်၍ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဓမ္မစကူးလ်သင်တန်းဥက္ကဋ္ဌဆရာတော်က ဓမ္မစကူးလ်အကြောင်း သိကောင်းစရာများကို မိန့်ကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်းက ယဉ်ကျေးလိမ္မာသင်တန်းမှပို့ချသည့် ဗုဒ္ဓဘာသာဆိုင်ရာ ဓမ္မစာပေများကို စနစ်တကျလေ့လာသင်ယူပြီး အမျိုးဘာသာ၊ သာသနာကြီးပွားတိုးတက်ရေးနှင့် ယဉ်ကျေးသောလူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်နိုင်ကာ နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်သည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာစေရေးအတွက်ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဓမ္မစကူးလ်သင်တန်းဥက္ကဋ္ဌဆရာတော်အား ဧရာဝတီတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယကဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့် အဖွဲ့ဝင်များက သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါယဉ်ကျေးလိမ္မာသင်တန်းသို့ အခြေခံပညာကျောင်းများမှ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် တက်ရောက်ကြပြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ သင်တန်းနည်းပြ ဆရာမ ဒေါ်စိုးစိုးသန်း၊ ဒေါ်သီတာဦးနှင့် ဒေါ်ဟေမာန်ဦးတို့က မတ် ၂၉ ရက်မှ ဧပြီ ၃ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ချမ်းမြသာစည်မြို့နယ်၌ နွေရာသီကျောင်းပိတ်ရက် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်လျက်ရှိ

**ချမ်းမြသာစည် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ နွေရာသီကျောင်းပိတ်ချိန်တွင် ကျောင်းသား ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ လိမ္မာရေးခြားရှိစေရန် ရည်ရွယ်၍ ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်လှစ်လျက်ရှိရာ ယနေ့နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ် (၅) ရပ်ကွက်ရှိ ရွှေဘုန်းရောင်ဓမ္မာရုံ၌ သင်ကြားလျက်ရှိသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်း၌ တက်ရောက်သင်ကြားနေသော ကျောင်းသား ကျောင်းသူ ၂၀၀ အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းနှင့် အဖွဲ့ဝင်များက ကျောင်းသုံးဗလာစာအုပ်များ၊ ဘောပင်များ ထောက်ပံ့လှူဒါန်းပြီး ကြာဆံကြော်များပေးဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

*စာမျက်နှာ ၇ မှ*

Fashion ဆိုတဲ့ စာလုံးလေးထည့် ဖိနပ်လေးတစ်ရန်စီ ရှေ့နောက်ရုံပြီး ရောင်းကြမယ်ဆိုတော့ အားလုံး အဆင်ပြေသွားတာပေါ့”ဟု ပြောကာ တစ်ဖက်နှင့်တစ်ဖက် ပြေလည်သွားကြကာ စေ့စပ်ဖြေရှင်းမှု အောင်မြင်သွားပြီဖြစ်၍ နှစ်ဖက်စလုံးက သဘောတူညီကြသဖြင့် စေ့စပ်ဖြေရှင်းရေးမှတ်တမ်းတွင် အောင်မြင်ကြောင်း လက်မှတ်ရေးထိုးကြပါသည်။

စေ့စပ်ဖြေရှင်းရေးအောင်မြင်သဖြင့် နှစ်ဖက်အမှုသည်များဖြစ်ကြသော ဦးဘုန်းမြတ်သူ၊ ဒေါ်ရတနာခိုင်တို့နှင့် ၎င်းတို့၏ ရှေ့နေများက ယခုကဲ့သို့စေတနာထား ဆောင်ရွက်ပေးသည့် စေ့စပ်ဖြေရှင်းရေးအရာရှိ ဆရာမကို ကျေးဇူးတင်စကားပြောကြပါသည်။

**လှပတဲ့ အနာဂတ်ကို ဖန်တီးသူ၊ အထောက်အကူပြုသူများ**

စေ့စပ်ဖြေရှင်းရေးအရာရှိကလည်း “ကျွန်မတို့ တရားစီရင်ရေးကဏ္ဍအနေနဲ့ စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုပြုသူတွေကို အချိန်ကုန်လူပန်းမဖြစ်စေဘဲ ကုန်ထုတ်စွမ်းအားတွေ တီထွင်ဆန်းသစ်မှုတွေကို အချိန်ပြည့် ဆောင်ရွက်နိုင်အောင်ကူညီရလို့ အထူးဝမ်းသာပါတယ်ရှင်” ဟူ၍ ဝမ်းမြောက်စကားဆိုလာပါသည်။

ဦးဘုန်းမြတ်သူ၊ ဒေါ်ရတနာခိုင်တို့နှင့် နှစ်ဖက်ရှေ့နေကြီးများကလည်း “ဆရာမတို့လို စေ့စပ်ဖြေရှင်းရေး အရာရှိတွေအနေနဲ့ အငြင်းပွားမှုများကို အချိန်တိုအတွင်းမှာ ဖြေရှင်းဆောင်ရွက်ခြင်းကြောင့် ကျွန်တော်၊ ကျွန်မတို့ရဲ့ ဆန်းသစ်တီထွင်မှု၊ ကုန်ထုတ်လုပ်မှုနှင့် လှပတဲ့အနာဂတ်ဖန်တီးမှုတွေကို အထောက်အကူပြုတာ၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုလွယ်ကူစေတာ (Easy to doing Business) ဖြစ်လို့ အားလုံးရဲ့ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်”ဟူ၍ တစ်ဦးနှင့်တစ်ဦး ကြိုတင်ညှိနှိုင်းမထားဘဲ ရင်တွင်းမှ စကားလုံးလေးများ တူညီစွာပြောကြားလာကြပါသည်။

စေ့စပ်ဖြေရှင်းရေး အောင်မြင်ပြီးနောက် နှစ်ဖက်အမှုသည်များ၊ ရှေ့နေများသည် မူလအမှုစစ်မှုပိုင်ခွင့်တရားရုံးဖြစ်သည့် ကျောက်တံတားခရိုင်တရားရုံးတွင် အမှုပြေငြိမ်းကြောင်း လျှောက်ထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီးနောက် ဦးဘုန်းမြတ်သူနှင့် တစ်ဖက်မှ ဒေါ်ရတနာခိုင်တို့သည် မူလကပင် ခင်မင်ရင်းစွဲရှိကြသူများ ဖြစ်သည့်အလျောက် နှစ်ဦးနှစ်ဖက် ပြေလည်ကြပြီဖြစ်၍ အပြုံးကိုယ်စီနှင့် တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ကာ မိမိတို့၏ ရှေ့ဆက်ရမည့် ကုန်သွယ်မှုလုပ်ငန်းများအတွက် ရှင်လန်းအားတက်စွာ တရားခွင်အတွင်းသို့ ရောက်ရှိလာကြပါသည်။ အမှုစစ်တရားသူကြီးဖြစ်သူ ဒေါ်ခင်မမကြီးကလည်း “ကဲ စေ့စပ်ဖြေရှင်းရေး အောင်မြင်သွားကြလို့ အထူးဝမ်းသာပါတယ်၊ ရှေ့ဆက်ပြီး စီးပွားရေးလုပ်ငန်းတွေကို ယခုထက် ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ကြပါစေ။ အမှုသည်တွေရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို အမှုတွေရင်ဆိုင်ရင်း အချိန်မကုန်ရလေအောင်၊ စရိတ်ကုန်ကျမှုမရှိရလေအောင် ကျွန်မတို့တရားရုံးက ဦးဆောင်တဲ့ စေ့စပ်ဖြေရှင်းရေးစနစ်က ဆောင်ရွက်ပေးတာ နှစ်ဖက်အမှုသည်တွေ အကျိုးရှိကြ၊ ဝမ်းသာပျော်ရွှင်ကြလို့ ကျွန်မတို့ တရားရုံးပိုင်းကလည်း ဝမ်းသာပါတယ်’’ဟု မုဒိတာစကားပြောကြားရင်း အမှုကျေအေးကြောင်း အမိန့်ကို ချမှတ်ပေးလိုက်ပါသည်။

နှစ်ဖက်အမှုသည်များကလည်း ကျွန်မတို့ကို အခုလို အချိန်မကုန်၊ စရိတ်မကုန်ဘဲ လုပ်ငန်းတွေ ဆောင်ရွက်နိုင်အောင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်တာတွေ လွယ်ကူအောင် ဖြေရှင်းဆောင်ရွက်ပေးတဲ့အတွက် တရားစီရင်ရေးယန္တရားအပေါ် အထူးအားကိုးယုံကြည်စိတ်များ တိုးပွားရပါတယ်ဟု အပြုံးကိုယ်စီနှင့် တင်ပြကြပါသည်။

**တရားမျှတမှုလမ်းကို လျှောက်လှမ်းခြင်း**

တရားခွင်အတွင်း ရောက်ရှိနေကြသူ ရှေ့နေများ၊ အမှုသည်များမှာလည်း စေ့စပ်ဖြေရှင်းရေး အောင်မြင်မှုအတွက် ဦးဘုန်းမြတ်သူနှင့် ဒေါ်ရတနာခိုင်တို့၏ ဝမ်းသာကြည်နူးမှု အပြုံးမျက်နှာများကို မျှဝေခံစားရင်း ဆန်းသစ်တီထွင်မှုဖြင့် လှပသောအနာဂတ်ကို ဖန်တီးကြသူ ဦးဘုန်းမြတ်သူ၊ တစ်ဖက်မှ ဒေါ်ရတနာခိုင်တို့အား တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်းက အထောက်အကူပြုခဲ့ပါကြောင်းနှင့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများကို ပြည်သူများ ရရှိခံစားနိုင်ကြပါစေကြောင်း ကိုယ်စီဆန္ဒပြုလျက် မူပိုင်ခွင့်တရားရုံးရှေ့ရှိ မဟာလေ့ကားပန်းပင်ကြီးနှင့် ပုဏ္ဏရိက်တန်း တရားမျှတမှုလမ်းလေးဝယ် အတူတကွ လျှောက်လှမ်း နိုင်ခဲ့ကြပါပြီ။ ။

*(ဤအသိပညာပေးဇာတ်လမ်းတွင် ဖော်ပြထားသော Pleasure အမှတ်တံဆိပ်နှင့် Treasure အမှတ်တံဆိပ်တို့သည် ဆန်းသစ်တီထွင်မှုဖြင့် ကုန်ထုတ်လုပ်ကာ လှပသော အနာဂတ်ကို ဖန်တီးနေသူများ၏ ကြိုးပမ်းအားထုတ်မှု တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး (Court–led Mediation)ဆောင်ရွက်ခြင်းဖြင့် အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းပေးနေကြသော အထောက်အကူပြုသူများ၏ ဆောင်ရွက်မှုများကို အများပြည်သူသို့ ပညာပေးရန် ရည်ရွယ်ချက်ဖြင့် ဖော်ပြထားခြင်းသာ ဖြစ်ပါသည်။ ယခုဇာတ်လမ်းတွင်ပါဝင်သည့် အမှတ်တံဆိပ်အမည်များ၊ ဇာတ်ကောင်များနှင့် ဖြစ်ရပ်အကြောင်းအရာများသည် အမှန်တကယ်ရှိသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် ကုန်အမှတ်တံဆိပ်များကို ရည်ညွှန်းထားခြင်း မဟုတ်ဘဲ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး မျှဝေရာတွင် အများမြင်သာစေရန် ဥပမာပေးဖော်ပြထားခြင်းသာ ဖြစ်ကြောင်း တင်ပြအပ်ပါသည်။)*

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်

**နေပြည်တော် မတ် ၃၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာစာအုပ်ကို (အင်္ဂလိပ်/ မြန်မာ) နှစ်ဘာသာဖြင့် ၂၀၂၆ ခုနှစ် မတ် ၃၀ ရက်တွင် ထုတ်ပြန်လိုက်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် http://www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားသည်။

တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယခုထုတ်ပြန်လိုက်သည့် ၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ် အစီရင်ခံစာသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၀ အုပ်မြောက် နှစ်စဉ်အစီရင်ခံစာဖြစ်သည်။ အစီရင်ခံစာ စာအုပ်တွင် ၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၅ ခုနှစ်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၀ နှစ်တာကာလအတွင်း စဉ်ဆက်မပြတ် တိုးတက်မှု၊ အောင်မြင်မှုများကို မှတ်တမ်းအဖြစ် စုစည်းဖော်ပြထားသည်။

၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို သီးခြားကဏ္ဍတစ်ရပ်အနေဖြင့် ဤအစီရင်ခံစာစာအုပ်၌ ဖော်ပြထားသည်။ အဆိုပါဆောင်ရွက်ချက်များမှာ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေးစီမံချက်များ ချမှတ်၍ တရားစီရင်ရေးရပ်တန့်မသွားစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ခြင်း၊ အမှုလက်ကျန်များလျှော့ချနိုင်ခြင်း၊ တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် နည်းပညာပေါင်းစပ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊ အထူးကိစ္စရပ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်အသီးသီးရှိ စေ့စပ်ဖြေရှင်းရေးဌာနများမှ ဘဏ်အပေါင်မှုများအား အောင်မြင်အောင် စေ့စပ်ဖြေရှင်းပေးနိုင်ခြင်း၊ အဆင့်မြင့်တရားစီရင်ရေးဆိုင်ရာ သင်ကြားရေးဌာနတစ်ခုဖြစ်သည့် Judicial College အဆောက်အအုံသစ်ကို ဖွင့်လှစ်နိုင်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် AML/CFT အမျိုးသားအဆင့် မဟာဗျူဟာဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၂၅ ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ တရားသူကြီးများပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပိုင်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားရေးအစီအစဉ်များ အားကောင်းစေခြင်းနှင့် တရားစီရင်ရေး မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ခြင်းတို့ဖြစ်သည်။

၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်မှတစ်ဆင့် စာအုပ်ဖတ်ရှုသူများအနေဖြင့် တရားစီရင်ရေးမဏ္ဍိုင်၏ တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် တရားမျှတမှုလက်လှမ်းမီရေး တိုးမြှင့်ဆောင်ရွက်နိုင်မှုတို့ကို လွယ်ကူစွာ ဖတ်ရှုသိရှိနိုင်မည်ဖြစ်သည်။

တရားရုံး နှစ်စဉ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက




တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့၏ အီးမေးလ် irrdp.usc@gmail.com သို့ ပေးပို့နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**





# (၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများ၌ မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

**နေပြည်တော် မတ် ၂၉**

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ပင်လောင်း မီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြု အရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့် လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ၊လမ်းဘေးဝဲယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြ



ကွင်းအတွင်း အလေးပြုခံစင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့် လည်းကောင်း၊ မင်းကြီးသုံးပါး ရုပ်တုအောက်ခံ၌ တပ်မတော် အလံပုံဖော်ထားသည့် ကြယ်တံဆိပ် နှစ်ခုအား LED Strip Light များဖြင့် လည်းကောင်း အသီးသီးပုံဖော် အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အပြင် ၂၀၂၆ ခုနှစ် (၈၁) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်တံဆိပ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုက်ဘာဖြင့် ပြုလုပ်ထားသည် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးအလှများဖြင့် ပြုလုပ်ထားရှိရာ လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် ယနေ့ဒုတိယမြောက်နေ့တွင်လည်း စည်ကားလျက်ရှိသည်။

(၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌လည်း မီးရောင်စုံများ၊ မီးအလှများဖြင့် ထွန်းညှိ၍ ဂုဏ်ပြုအလှဆင်မှုများ ပြုလုပ်ထားလျက်ရှိရာ အဆိုပါနေရာများသို့ လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၅ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု

မောင်တည်ကြည်

### နိဒါန်း

မြန်မာနိုင်ငံအနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းသို့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့ပါတယ်။ မိမိတို့နိုင်ငံက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ ကွန်ဗင်းရှင်းပါ ရည်ရွယ်ချက်တွေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက်၂၀၁၃ ခုနှစ်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ကော်မရှင်ဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါ ရည်ရွယ်ချက်တွေကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို အမြဲသုံးသပ်လျက်ရှိပြီး ပဉ္စမအကြိမ်ထိ ပြင်ဆင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အဂတိလိုက်စားမှုဟာ လူ့အဖွဲ့အစည်းရဲ့ နယ်ပယ်အတော်များများမှာ ပုံစံအမျိုးမျိုးနဲ့ လှိုက်စားဖျက်ဆီးနေတဲ့ မနှစ်မြို့စရာ အကျင့်ဆိုး၊ စနစ်ဆိုးကြီးပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အဂတိလိုက်စားမှုဟာ အချိန်ကာလကြာမြင့်စွာ အထိန်းအချုပ်မဲ့ကြီးထွားလာခဲ့ရင် ထိုနိုင်ငံရဲ့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့မှာ အဓိက အဟန့်အတားတစ်ခုဖြစ်ပြီး ဆင်းရဲချမ်းသာမညီမျှမှုကို ဖြစ်ပေါ်စေပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားအကျိုးစီးပွားကို အလေးထားပြီး စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ မျှတမှု၊ တရားဥပဒေစိုးမိုးမှုစတဲ့ ကောင်းမြတ်တဲ့ အလေ့အထတွေ ပိုမိုမြင့်မားလာစေရေးကို မျှော်မှန်းပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။

ဒါကြောင့် ကော်မရှင်ဟာ နိုင်ငံအတွင်း ပျံ့နှံ့နေတဲ့ အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေဖို့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး သန့်ရှင်းတဲ့အစိုးရ၊ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရေး ရည်မှန်းလျက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို ၂၀၁၈ ခုနှစ်မှ စတင်ရေးဆွဲကာ နှစ်အလိုက် လုပ်ငန်းအစီအစဉ်များချမှတ်ပြီး ဥပဒေပါပြဋ္ဌာန်းချက်တွေနဲ့အညီ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနဲ့ စုံစမ်းစစ်ဆေးအရေးယူခြင်းစတဲ့ လုပ်ငန်းတာဝန်သုံးရပ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၉-၁၂-၂၀၂၅ ရက်နေ့တွင် ပြုလုပ်သည့် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ Video Message ဖြင့် အမှာစကား ပြောကြားစဉ်။

(၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားမှာ နိုင်ငံတော်ယာယီသမ္မတ ပြောကြားခဲ့တဲ့ Video Message မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့စပ်လျဉ်းပြီး ကောက်နုတ်ချက်က အောက်ပါအတိုင်းဖြစ်ပါတယ် -

**"စည်းကမ်းကောင်းမွန်ပြီး ဒီမိုကရေစီပြည့်ဝတဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်များ လိုအပ်ပါတယ်။ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ရာမှာ အဂတိလိုက်စားမှုကင်းစင်ဖို့ လိုအပ်ပြီး အဂတိလိုက်စားမှုဟာ ကောင်းမွန်တဲ့အုပ်ချုပ်ရေးအတွက် အဟန့်အတားဖြစ်စေပါတယ်။ ဒါ့ကြောင့် အဂတိကင်းပြီး ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်တည်ဆောက်နိုင်မှသာ နိုင်ငံတော်ဟာ ဘက်ပေါင်းစုံမှာ ဖွံ့ဖြိုးတိုးတက်လာပြီး အများပြည်သူရဲ့ လူမှုဘဝတွေဟာလည်း မျှမျှတတနဲ့ သာယာဝပြောလာမှာ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ရေတို၊ ရေရှည်လုပ်ငန်းစီမံချက်တွေ ချမှတ်ဆောင်ရွက်ဖို့လိုအပ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပြတ်ပြတ်သားသားနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။"**

"ဖြောင့်မတ်တည်ကြည်မှုရှိခြင်းဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအဆောက်အအုံရဲ့ အရေးကြီးတဲ့မဏ္ဍိုင်တစ်ရပ် ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးဦး၊ လူ့အဖွဲ့အစည်းတစ်ရပ်ရပ်ရဲ့ စီးပွားရေးနဲ့ လူမှုရေးမှာ ယုံကြည်စိတ်ချရမှုနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေး၊ ကိုယ်စိတ်နှစ်ပါးချမ်းသာရေးနဲ့ သာယာဝပြောရေးတို့အတွက် ဖြောင့်မတ်တည်ကြည်မှုဟာ မရှိမဖြစ်လိုအပ်ချက် ဖြစ်ပါတယ်။ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးကို ထိရောက်မှုရှိစေဖို့အတွက် ဖြောင့်မတ်တည်ကြည်စွာ ဆောင်ရွက်မှုတွေကို အုပ်ချုပ်ရေးအပိုင်းမှာသာမက ဥပဒေပြုရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေအတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင်ချက်တွေကို အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းတွေမှာသာမက လူပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ ပုဂ္ဂလိကကဏ္ဍကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံတော်နဲ့ အများပြည်သူရဲ့ အကျိုးစီးပွားကို ကောင်းမြတ်တဲ့ စိတ်စေတနာ၊ ဖြောင့်မတ်တည်ကြည်တဲ့ ကိုယ်ကျင့်တရားတို့နဲ့ ဆောင်ရွက်သွားစေနိုင်မှာ ဖြစ်ပါတယ်။"

"အဂတိကင်းစင်တဲ့ လူ့အသိုက်အဝန်းဖြစ်လာရေးမှာ ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေ လျော့ပါးသွားအောင် အဂတိလိုက်စားမှုဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေးတိုက်ဖျက်ရမှာဖြစ်သလို နောင်အနာဂတ်မှာ ပပျောက်သွားတဲ့အထိ လိုအပ်တဲ့ ပြင်ဆင်၊ စီမံ၊ ဆောင်ရွက်မှုတွေနဲ့ ကြိုးပမ်းဆောင်ရွက်ကြဖို့လိုပါတယ်။ အထူးအားဖြင့် အဂတိလိုက်စားမှုတွေဟာ ဘယ်လို အကြောင်းအချက်တွေကြောင့် ဖြစ်ပေါ်လာရတာလဲဆိုတဲ့ အဂတိလိုက်စားမှုကို လက်ယပ်ခေါ်နေတဲ့ အခြေခံအရင်းအမြစ်တွေ မှန်သမျှ ဖယ်ထုတ်နိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ အဲဒီလိုကြိုးစားတဲ့အခါမှာ ကိုင်တွယ်အသုံးပြုသူတွေက လိုအပ်သလို ဆွဲယူအသုံးချနိုင်တဲ့ ရှုပ်ထွေးပြီး လူအများနားလည်ရခက်ခဲတဲ့ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေကို အများပြည်သူလွယ်ကူရှင်းလင်းစွာ သိရှိနားလည်တဲ့ဖော်ပြချက်တွေနဲ့ ပြုပြင်ဖို့ကိစ္စရပ်တွေလည်း ပါဝင်လာမှာဖြစ်ပါတယ်။"

### အသိပညာပေးခြင်းကဏ္ဍ

ကော်မရှင်ရဲ့ အသိပညာပေးဆောင်ရွက်မှုကဏ္ဍမှာ နိုင်ငံ့ဝန်ထမ်းတွေသာမက ပုဂ္ဂလိကကဏ္ဍနဲ့ ပညာရေးနယ်ပယ်တွေမှာပါ အလေးထား ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တို့မှာ ဖွင့်လှစ်တဲ့သင်တန်း ၃၆ ခုမှာ သင်တန်းသား ၁၈၅၁ ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောမှုတွေကို ကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်တွေနဲ့ ကော်မရှင်ရုံး အရာထမ်းတွေက ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း ၈၆ ကျောင်းမှာ ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်တဲ့ နွေရာသီကျောင်းပိတ်ရက် ဆရာ/ဆရာမများ မွမ်းမံသင်တန်းတွေမှာ ဆရာ/ဆရာမ ၁၅၅၂၃ ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာတွေ တိုးပွားလာစေဖို့နဲ့ ကျောင်းသားလူငယ်တွေ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးကို စာသင်ခန်းတွေကနေ စတင်နိုင်ဖို့ ရည်ရွယ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းတွေကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

အလားတူ ကျောင်းသားလူငယ်တွေအတွင်း ဖြောင့်မတ်တည်ကြည်မှုရှိတဲ့ အသိုက်အဝန်း တည်ဆောက်နိုင်ဖို့ ရည်ရွယ်ပြီး *စာမျက်နှာ ၁၁ သို့*




"အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ကျင်းပပြုလုပ်ခဲ့စဉ်။

> **"ကော်မရှင်ရဲ့ အသိပညာပေးဆောင်ရွက်မှုကဏ္ဍမှာ နိုင်ငံ့ဝန်ထမ်းတွေသာမက ပုဂ္ဂလိကကဏ္ဍနဲ့ ပညာရေးနယ်ပယ်တွေမှာပါ အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တို့မှာ ဖွင့်လှစ်တဲ့သင်တန်း ၃၆ ခုမှာ သင်တန်းသား ၁၈၅၁ ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောမှုတွေကို ကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်တွေနဲ့ ကော်မရှင်ရုံး အရာထမ်းတွေက ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်"**

*စာမျက်နှာ ၁၀ မှ*

၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာ **ကျောင်းသားလူငယ် ဖြောင့်မတ် တည်ကြည်မှုမြှင့်တင်ရေး Edutainment အစီအစဉ်**ကို နေပြည်တော်ကောင်စီနယ်မြေနဲ့ ကော်မရှင်ရုံးခွဲများတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ အခြေခံပညာကျောင်း ၉၀ မှ မူလတန်းနဲ့ အလယ်တန်း ကျောင်းသား ကျောင်းသူ ၃၁၃၆၉ ဦးကို ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာတွေ သင်ကြားပို့ချနိုင်ခဲ့ပြီး **"လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု"** နှင့် **"အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍ"** လူငယ်စကားဝိုင်းဆွေးနွေးပွဲတွေကို ကော်မရှင်ရုံး၊ နေပြည်တော်နဲ့ ရုံးခွဲတည်ရှိရာ မြို့တွေရှိ အခြေခံပညာအထက်တန်းကျောင်းတွေနဲ့ ပုဂ္ဂလိက ကိုယ်ပိုင်အထက်တန်းကျောင်းတွေ စုစုပေါင်း ၁၂ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၈၇၉ ဦးတို့နဲ့ လူငယ်စကားဝိုင်းတွေ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

ကော်မရှင်ဟာ ပုဂ္ဂလိကကဏ္ဍမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးမှုအနေနဲ့ ၇-၃-၂၀၂၅ ရက်နေ့က ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း ဦးဆောင်ပြီး မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များအသင်းမှ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ် ၈၅ ဦးကို အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

ကော်မရှင်အနေနဲ့ အသိပညာပေးခြင်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်စေဖို့နဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာဗဟုသုတတွေကို အများပြည်သူ ပိုမိုသိရှိနိုင်စေဖို့ရည်ရွယ်ပြီး ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်အဖြစ် ရုပ်ပြသရုပ်ဖော်တေးသီချင်း သုံးပုဒ်နဲ့ ဇာတ်လမ်းတို ၁၂ ပုဒ်တို့ကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ ပူးပေါင်းထုတ်လွှင့်ပြသလျက်ရှိပါတယ်။

ကော်မရှင်က လျှို့ဝှက်ထိန်းသိမ်းရမယ့် သတင်းအချက်အလက်မှအပ ကော်မရှင်ရဲ့ လုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်း၊ ဆောင်ရွက်ချက်တွေကို အများပြည်သူတို့ အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်စေဖို့နဲ့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာတွေ တိုးမြှင့်လာစေဖို့ ရည်ရွယ်ပြီး ကော်မရှင်ရဲ့ Facebook Page ACC Myanmar၊ Website (http://www.accm.gov.mm)နဲ့ နိုင်ငံပိုင်သတင်းစာတွေမှာ ကော်မရှင်ရဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေး၊ တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်နဲ့ စပ်လျဉ်းတဲ့ သတင်း ၁၃၁ ပုဒ်ကို ထည့်သွင်းဖော်ပြခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အသက် ၁၀ နှစ်မှ ၁၅ နှစ်၊ အသက် ၁၆ နှစ်မှ ၂၀ နဲ့ အသက် ၂၁ နှစ်မှ ၂၅ နှစ်ဆိုပြီး အသက်အုပ်စု သုံးခုခွဲ၍ **"အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"** ခေါင်းစဉ်နဲ့ ပိုစတာ၊ ဗီဒီယိုနဲ့ ပန်းချီပြိုင်ပွဲတွေကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားမှာ အသက်အပိုင်းအခြားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ပါတယ်။

**တားဆီးကာကွယ်ခြင်းကဏ္ဍ**

ကော်မရှင်အနေနဲ့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းတွေကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) တွေကို ၂၀၂၅ ခုနှစ်အထိ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၃၈ ခု၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ၁၅ ခုတို့မှာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့တွေကို ဖွဲ့စည်းနိုင်ခဲ့တာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းတွေကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။



ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက အသိပညာပေး ဟောပြောစဉ်။

ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့တွေရဲ့ ၂၀၂၅ ခုနှစ်အတွင်း လုပ်ငန်းအစီအစဉ် ၆ ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုတွေက **ဂရပ် (၁)** ပါအတိုင်း ဖြစ်ပါတယ်။

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့တွေရဲ့ ၂၀၂၅ ခုနှစ်အတွင်း လုပ်ငန်းအစီအစဉ် ၆ ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုတွေက **ဂရပ်(၂)**ပါအတိုင်း ဖြစ်ပါတယ်။

ကော်မရှင်အနေနဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အဂတိလိုက်စားမှုရဲ့ ဘေးအန္တရာယ်နဲ့ သဘောသဘာဝတွေကို သိရှိရှောင်ကြဉ်နိုင်စေဖို့၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေမှာ တစ်ဦးတစ်ယောက်ကစပြီး ကဏ္ဍအသီးသီးကပုဂ္ဂိုလ်တွေအားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်လာစေဖို့နဲ့ အဂတိလိုက်စားမှုကိုလက်မခံတဲ့ ဖြောင့်မတ်တည်ကြည်မှုရှိတဲ့ လူမှုအသိုက်အဝန်းကို ဖန်တီးဖော်ဆောင်နိုင်စေဖို့ရည်ရွယ်ပြီး ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၁၆ ခုမှာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းတွေကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**စုံစမ်းစစ်ဆေးရေးအရေးယူခြင်းကဏ္ဍ**

ဥပဒေမှုဘောင်ခိုင်မာဖို့အတွက် ကော်မရှင်ဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြန်လည်သုံးသပ်ရေးအစည်းအဝေးတွေကို ကျင်းပပြုလုပ်ခဲ့ပြီး ပြန်လည်သုံးသပ်ရေးအဖွဲ့ရဲ့ သုံးသပ်ချက်အစီရင်ခံစာကို ၈-၁၂-၂၀၂၃ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးကို တင်ပြခဲ့ပြီး ဥပဒေပြင်ဆင်တဲ့ကိစ္စရပ်တွေပြီးမြောက်ပါက ဥပဒေပြင်ဆင်ချက်တွေနဲ့အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေတွေ အသစ်ထုတ်ပြန်နိုင်ဖို့ ဆက်လက်ဆောင်ရွက်မှာ ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် ရေးဆွဲထားတဲ့ အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူတွေ အကာအကွယ်ပေးရေးဥပဒေ (မူကြမ်း)နဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းတွေ၊ ဥပဒေရေးရာဝန်ကြီးဌာနတွေကို အကြံပြုချက်တောင်းခံခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့ အကြံပြုချက်တွေနဲ့စပ်လျဉ်းလို့ ပြင်ဆင်ထားရှိပြီး ဖြစ်တာကို တွေ့ရှိရပါတယ်။

စုံစမ်းစစ်ဆေးအရေးယူခြင်း ကဏ္ဍအနေနဲ့ ကော်မရှင်ကို ပေးပို့လာတဲ့ တိုင်ကြားစာတွေအပေါ် စိစစ်သုံးသပ်ပြီး ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းတွေက စိစစ်ဆောင်ရွက်ရမယ့် ကိစ္စရပ်ဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းတွေ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တွေဆီ လွှဲပြောင်းပေးပို့ခြင်း၊ ကော်မရှင်က အရေးယူရန်ရှိပါက စုံစမ်းစစ်ဆေး တရားစွဲတင်ဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနဲ့ သက်ဆိုင်ခြင်း မရှိတဲ့ တိုင်ကြားစာတွေ၊ သက်သေအထောက်အထား ခိုင်လုံမှုမရှိတဲ့ တိုင်ကြားစာတွေကို ကျိုးကြောင်းဖော်ပြပြီး တိုင်ကြားသူထံ အကြောင်းပြန်ကြားခြင်းတွေ ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။

၂၀၂၅ ခုနှစ်မှာ နေပြည်တော်ရှိ ကော်မရှင်ရုံးကို တိုင်ကြားစာ ၁၃၉၂ စောင်၊ ကော်မရှင်ရုံးခွဲ (ရန်ကုန်)ကို တိုင်ကြားစာ ၃၄ စောင်၊ ကော်မရှင်ရုံးခွဲ (မန္တလေး) ကို တိုင်ကြားစာ ၁၅ စောင်၊ ကော်မရှင်ရုံးခွဲ (တောင်ကြီး)ကို တိုင်ကြားစာ ၁၄ စောင်၊ ကော်မရှင်ရုံးခွဲ (မော်လမြိုင်) ကို တိုင်ကြားစာ ခြောက်စောင်အပါအဝင် တိုင်ကြားစာ စုစုပေါင်း ၁၄၆၁ စောင် လက်ခံရရှိပါတယ်။ ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နှစ်အလိုက် တိုင်ကြားစာများ လက်ခံရရှိမှုကတော့ **ဂရပ် (၃)** ပါအတိုင်း ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ်မှာ ကော်မရှင်က လက်ခံရရှိတဲ့ တိုင်ကြားစာတွေရဲ့ အခြေအနေကို ဆောင်းပါးပါ **ဇယားနံပါတ် (၁)** တွင် ဖော်ပြအပ်ပါတယ်။

၂၀၂၅ ခုနှစ်မှာ လက်ခံရရှိတဲ့ တိုင်ကြားစာတွေအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေကို ဆောင်းပါးပါ **ဇယားနံပါတ် (၂)** တွင် ဖော်ပြအပ်ပါတယ်။

အရေးယူဆောင်ရွက်ပေးနိုင်တဲ့ တိုင်ကြားစာ ၈၆၁ စောင်နဲ့ ပတ်သက်လို့ ကော်မရှင်က စုံစမ်းစစ်ဆေးတဲ့ တိုင်ကြားစာ သုံးစောင်၊ ပြည်ထောင်စုဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွေထံ အရေးယူဆောင်ရွက်ဖို့ လွှဲပြောင်းပေးပို့တဲ့ တိုင်ကြားစာ ၃၆၉ စောင်နဲ့ တိုင်ကြားသူ တစ်ဦးချင်းထံကို တိုင်ကြားစာပါ အကြောင်းအရာနဲ့ စပ်လျဉ်းလို့ ဆောင်ရွက်သင့်တာတွေကို ဖော်ပြ အကြံပြုချက်တွေနဲ့ ပြန်ကြားပေးတဲ့ တိုင်ကြားစာ ၄၈၉ စောင် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**စုံစမ်းစစ်ဆေးတရားစွဲတင်ပို့မှုနှင့် လွှဲပြောင်းပေးပို့မှု**

၂၀၂၅ ခုနှစ်မှာ တိုင်ကြားစာ သုံးစောင်ကို စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ရာ လူပုဂ္ဂိုလ် ၁၂ ဦးကို သက်ဆိုင်ရာ တိုင်းဒေသကြီးတရားလွှတ်တော်တွေမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရ တရားစွဲတင်ပို့ခဲ့ပြီး နိုင်ငံ့ဝန်ထမ်း ခြောက်ဦးကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၀ (ခ)နဲ့ အညီ သက်ဆိုင်ရာဌာနတွေကို လွှဲပြောင်းပေးပို့ အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။


၂၀၂၅ ခုနှစ်မှာ ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တွေထံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆ (ဃ) အရ လွှဲပြောင်းပေးပို့တဲ့ တိုင်ကြားစာတွေအပေါ် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းတွေက ဝန်ထမ်း ၂၆၆ ဦးကို ဝန်ထမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့ပါတယ်။

ကော်မရှင်က ၂၀၂၅ ခုနှစ်အတွင်း တိုင်ကြားစာတွေအပေါ် အရေးယူဆောင်ရွက်နိုင်ခဲ့မှုတွေက ဆောင်းပါးပါ **ဇယားနံပါတ် (၃)** တွင် လေ့လာတွေ့ရှိရပါတယ်။

*စာမျက်နှာ ၁၂ သို့*



ဆရာ ဆရာမများ မွမ်းမံသင်တန်းတွင် အသိပညာပေး ရှင်းလင်းဆွေးနွေးစဉ်။




ဂရပ်(၁)

*စာမျက်နှာ ၁၁ မှ*

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဟာ ၂၀၂၅ ခုနှစ်အတွင်း စုံစမ်းစစ်ဆေးခဲ့ပြီး တရားစွဲတင်ပို့ခဲ့တဲ့အမှုတွေနဲ့ တိုင်ကြားစာတွေအပေါ် စိစစ်ဆောင်ရွက်ခဲ့မှုတို့အရ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှုနဲ့ ကာကွယ်နိုင်မှု အခြေအနေက ဆောင်းပါးပါ **ဇယားနံပါတ်(၄)**အတိုင်း ဖြစ်ပါတယ်။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

ကော်မရှင်အနေနဲ့ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနဲ့ သက်ဆိုင်တဲ့ နယ်ပယ်တွေမှာ သတင်းအချက်အလက်ဖလှယ်ခြင်း၊ အတွေ့အကြုံနဲ့ ကောင်းမွန်တဲ့ အလေ့အကျင့်တွေ မျှဝေခြင်းနဲ့ အပြည်ပြည်ဆိုင်ရာနဲ့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့အတွက် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ ASEAN – Parties Against Corruption (ASEAN–PAC) ကို ၂၀၁၃ ခုနှစ်မှာ ဝင်ရောက်ခဲ့ပြီး ASEAN–PAC ရဲ့ (၂၁) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကို ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး ဦးဆောင်ပြီး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းနဲ့ အရာထမ်း တစ်ဦးတို့ ပါဝင်တက်ရောက်ခဲ့ပါတယ်။

ဒါ့အပြင် ဒေသတွင်း နိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကိုရီးယား၊ အိန္ဒိယ၊ ကမ္ဘောဒီးယားရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းတွေ၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းတွေနဲ့ နားလည်မှုစာချွန်လွှာ MoU ရေးထိုးပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာမှာ ကျင်းပတဲ့ အစည်းအဝေးတွေ၊ ညီလာခံတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေကို In Person နဲ့ ၉ ကြိမ်၊ Virtual Format နဲ့ ၁၃ ကြိမ် တက်ရောက်နိုင်ခဲ့လို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကောင်းမွန်တဲ့အလေ့အထတွေ၊ အတွေ့အကြုံတွေဖလှယ်နိုင်ခဲ့ပြီး ကော်မရှင်က ဆောင်ရွက်လျက်ရှိတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းတွေအတွက် များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

**ပြည်ပသင်တန်းများ တက်ရောက်ခြင်း**

ကော်မရှင်ဟာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ရော ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည် မြင့်မားတိုးတက်စေဖို့အတွက်ပါ ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေ၊ ဒေသတွင်းမိတ်ဖက်နိုင်ငံအဖွဲ့အစည်းတွေက ဖိတ်ကြားလာတဲ့ သင်တန်းတွေမှာ ကော်မရှင်ရုံးရှိ ဝန်ထမ်းတွေကို စေလွှတ်တက်ရောက်စေခဲ့တာမှာ ၂၀၂၅ ခုနှစ်အတွင်း In–Person နဲ့ ဖွင့်လှစ်ခဲ့တဲ့ သင်တန်း ငါးကြိမ်၊ သင်တန်းသား ခြောက်ဦး တက်ရောက်ခဲ့ပါတယ်။

**ပြည်တွင်းသင်တန်းများ တက်ရောက်ခြင်း**

ကော်မရှင်ရုံးဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည် မြင့်မားလာစေဖို့နဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်ပြည့်ဝစေဖို့အတွက် ဝန်ကြီးဌာန/ အဖွဲ့အစည်းတွေက ဖွင့်လှစ်တဲ့ သင်တန်း ၃၆ ခုမှာ သင်တန်းသား ၆၆ ဦး စေလွှတ်တက်ရောက်ခဲ့ပါတယ်။ ဒါ့အပြင် ကော်မရှင်ရုံးမှာဖွင့်လှစ်တဲ့ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း လေးခုမှာ သင်တန်းသား ၉၄ ဦးကို သင်ကြားပို့ချခဲ့ပါတယ်။

**အသိပညာပေး**
**ရှင်းလင်းဆွေးနွေးပွဲ ကျင်းပခြင်း**

ကော်မရှင်ရုံးမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကို လျင်မြန်စွာ တိုးတက်နေတဲ့ မျက်မှောက်ခေတ်မှာ Artificial Intelligence – AI ဘာသာရပ်ကို သိရှိစေဖို့၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပြန်လည်အသုံးချပြီး အထောက်အကူဖြစ်စေဖို့အတွက် AI နည်းပညာဟာ လူသားတွေရဲ့ ဘဝနေထိုင်မှုပုံစံအတွက် အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့မှု၊ AI App–lication တွေကို ကမ္ဘာ့စုံမှာ အသုံးပြုနေပြီး AI နည်းပညာကို တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းတွေ၊ တရားစီရင်ရေးကဏ္ဍတွေမှာလည်း အသုံးပြုလာကြတာကို လေ့လာတွေ့ရှိရမှု၊ AI နည်းပညာကို အသုံးပြုပြီး အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိတဲ့ ပုံစံနဲ့ မူမမှန်မှုတွေကို Big Data တွေကတစ်ဆင့် ရှာဖွေဖော်ထုတ်ခြင်း၊ ကာကွယ်ခြင်းနဲ့ စုံစမ်းစစ်ဆေးခြင်းတို့မှာ AI နည်းပညာ အသုံးပြုပြီး အကြံဉာဏ်ရယူနိုင်မှု၊ အရေးကြီးတဲ့ အချက်အလက်တွေကို လျင်မြန်စွာ စုစည်းပေးနိုင်ခြင်းကြောင့် အချိန်နဲ့ အရင်းအမြစ်တွေကို သက်သာစေနိုင်မှု၊ AI ဟာ လူသားတို့ရဲ့ဘဝကို အထောက်အကူပြုနိုင်တဲ့ နည်းပညာတစ်ခုဖြစ်သလို ဆိုးကျိုးကိုလည်း အထူးသတိပြုဖို့ လိုအပ်ကြောင်း၊ AI နည်းပညာကို လုပ်ငန်းခွင်မှာ လက်တွေ့အသုံးချနိုင်ဖို့အတွက် သေချာစွာ လေ့လာအသုံးချဖို့ လိုအပ်ကြောင်း စတဲ့အချက်တွေနဲ့စပ်လျဉ်းပြီး "Applied AI for Anti–Corruption" အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

**၂၀၂၅ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ်**
**သုံးသပ်အကဲဖြတ်ခြင်းနှင့်**
**ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း**

ကော်မရှင်ဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို လေးနှစ်တစ်ကြိမ် ရေးဆွဲဆောင်ရွက်လျက်ရှိရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာ စီမံချက် (၂၀၂၂–၂၀၂၅)ကို ဒုတိယ လေးနှစ်တာကာလအဖြစ်သတ်မှတ်ပြီး လုပ်ငန်းကဏ္ဍ (၆)ခု၊ လုပ်ငန်းစဉ် (၂၀)၊ လုပ်ငန်းရပ် (၅၈) ချက်နဲ့ ရေးဆွဲခဲ့ပါတယ်။ အဲဒီ မဟာဗျူဟာ စီမံချက်အပေါ်မူတည်ပြီး ၂၀၂၅ ခုနှစ်အတွင်း ကော်မရှင်ရုံးအဖွဲ့နဲ့ ဦးစီးဌာနတွေက အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လုပ်ငန်းအစီအစဉ်ကို လုပ်ငန်းရပ် (၄၁) ချက်နဲ့ ရေးဆွဲခဲ့ရာမှာ အကောင်အထည်ဖော် ဆောင်ရွက်မှုအနေနဲ့ (၃၃)ချက် (၈၁%) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၂၀၂၅ ခုနှစ် လုပ်ငန်းအစီအစဉ်ဟာ ထိရောက်သေချာမှုရှိတဲ့ လုပ်ငန်းအစီအစဉ်ဖြစ်တာကို သုံးသပ်တင်ပြထားပါတယ်။

ဇယား(၁)

| စဉ် | တိုင်ကြားစာလက်ခံရရှိမှု | စောင်ရေ |
|---|---|---|
| ၁ | ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့တို့က လွှဲပြောင်းပေးပို့ခြင်း | ၃ |
| ၂ | ကော်မရှင်ထံ လိပ်မူ၍ တိုင်ကြားခြင်း | ၁၂၀၉ |
| ၃ | တိုင်ကြားစာ မိတ္တူပေးပို့ခြင်း | ၂၂၉ |
| ၄ | ပစ်စာ | ၁၄ |
| ၅ | ရုပ်သိမ်းစာ | ၆ |
| | စုစုပေါင်း | ၁၄၆၁ |

ဇယား(၂)

| စဉ် | အကြောင်းအရာ | အရေအတွက် | |
|---|---|---|---|
| | | စောင်ရေ | ရာခိုင်နှုန်း |
| ၁ | အရေးယူဆောင်ရွက်ပေးနိုင်သည့်တိုင်ကြားစာ | ၈၆၁ | ၅၉ % |
| ၂ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်မညီညွတ် သည့်အတွက် အရေးယူဆောင်ရွက်ပေးခြင်းမပြုနိုင် သည့်တိုင်ကြားစာ (ဥပဒေနှင့် အကျုံးမဝင်ခြင်း၊ မိတ္တူ၊ ပစ်စာ၊ ရုပ်သိမ်းခြင်း) | ၅၇၀ | ၃၉ % |
| ၃ | စိစစ်ဆောင်ရွက်ဆဲတိုင်ကြားစာ | ၃၀ | ၂ % |
| | စုစုပေါင်း | ၁၄၆၁ | |

ဇယား(၃)

| စဉ် | အကြောင်းအရာ | ရာထူးအဆင့် | ဦးရေ |
|---|---|---|---|
| ၁ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှု | နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ | ၁ |
| | | အဆင့်မြင့်အရာရှိ | ၂ |
| | | အရာထမ်း | ၇ |
| | | အမှုထမ်း | - |
| | | ပြည်သူ့ဝန်ထမ်း | - |
| | | အခြားပုဂ္ဂိုလ် | ၈ |


ဇယား(၄)

| စဉ် | အကြောင်းအရာ | နိုင်ငံခြားငွေ | မြန်မာငွေ (ကျပ်သန်း) |
|---|---|---|---|
| ၁ | ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှု | | ၉,၃၆၂.၉၈၀ |
| ၂ | နိုင်ငံ့ဘဏ္ဍာပြန်လည်ပေးသွင်းနိုင်မှု | | - |
| ၃ | ကာကွယ်နိုင်မှု | | ၆၀,၃၁၉.၇၈၄ |


အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းကဏ္ဍအနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ သက်ဆိုင်တဲ့ အသိပညာဗဟုသုတတွေကို ကျောင်းသား လူငယ်များက စတင်ရရှိစေဖို့အတွက် ဆရာကိုင်စာအုပ်တွေနဲ့ ရည်ညွှန်းစာစောင်တွေကို အခြေခံပညာကျောင်းတွေနဲ့ တက္ကသိုလ်၊ ကောလိပ်တွေကို ဖြန့်ဝေနိုင်ခဲ့လို့ ကျောင်းသား လူငယ်တွေအတွက် ဖြောင့်မတ်တည်ကြည်မှုနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗဟုသုတတွေ ရရှိစေရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေနဲ့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းတွေကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Preven–tion Unit–CPU) တွေကို ၂၀၂၅ ခုနှစ်အထိ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၈ ခု၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ၁၅ ခုတို့မှာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့တွေကို ဖွဲ့စည်းနိုင်ခဲ့တာကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းတွေကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကော်မရှင်အနေနဲ့ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းတွေ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွေမှာရှိတဲ့ CPU တွေကို အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနဲ့စပ်လျဉ်းတဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို *စာမျက်နှာ ၁၃ သို့*




ဂရပ်(၂)





ဂရပ်(၃)

# ဓနုဖြူမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စတင်ကျင်းပ

**ဓနုဖြူ မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှစတင်၍ အမှတ်(၄) ရပ်ကွက်ရှိ "ငြိမ်း" လှိုင်ထိပ်ထား သာသနဝိမာန်တော်ကြီး၌ ကျင်းပသည်။



အဆိုပါ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန် (ကြီး၊ လတ်၊ ငယ်၊ မူ) စာမေးပွဲတွင် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၃၁၆ ပါး စာရင်းပေးသွင်းထားသည့်အနက် ပထမကြီးတန်းတွင် ၂၅ ပါး၊ ပထမလတ်တန်းတွင် ၇၁ ပါး၊ ပထမငယ်တန်းတွင် ၇၁ ပါး၊ အခြေပြုမူလတန်းတွင် ၈၆ ပါး စုစုပေါင်း ၂၅၃ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

စာမေးပွဲဖြေဆိုရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနဝန်ထမ်းများက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပြီး စာမေးပွဲကာလ နေ့ရက်များအလိုက် စာဖြေဌာနကြီးကြပ်ရေးအဖွဲ့၊ ဆရာတော်ကြီးများနှင့် စာဖြေရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် အချိုရည်များကို စေတနာရှင် အလှူရှင်များကလည်းကောင်း၊ စာဖြေရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် စာမေးပွဲကျင်းပရေးကော်မတီမှ ဆွမ်းစရိတ်အဖြစ် တစ်ပါးလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့်လည်းကောင်း ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါစာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ခုနစ်ရက်တာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



# ပေါင်မြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ စတင်ဖြေဆို

**ပေါင် မတ် ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ကဒါရပ်ကွက် သာသနဝိမာန်တော်ကြီးအတွင်း၌ စတင်ဖြေဆိုသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်က စာဖြေသံဃာတော်များ လိုက်နာရမည့် စည်းကမ်းချက်များကို လျှောက်ထားသည်။ အဆိုပါ ပါဠိပထမပြန် စာမေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်၏ ဦးဆောင်မှုဖြင့် မြို့နယ်သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီအဖွဲ့နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ စာဖြေသံဃာတော်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့သည်။

ယနေ့စတင်ဖြေဆိုသည့် ပါဠိပထမပြန်စာမေးပွဲသို့ ပထမနေ့အဖြစ် စာရင်းရှိ ၃၂၉ ပါးရှိသည့်အနက် အပါး ၂၈၀ ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

# ပန်းဘဲတန်းမြို့နယ်၌ ဇဟိုမိုဘိုင်းပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် ရှင်းလင်းဆွေးနွေး

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ၂၇ လမ်း (အထက်)ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ မတ် ၂၆ ရက် နံနက်ပိုင်းက ဇဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (CEIR – EIR) လုပ်ငန်းစဉ်ရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ဇဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် ( CEIR ) စတင်အသုံးပြုဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသုံးပြုဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဝင်များက သက်ဆိုင်ရာဌာနအလိုက် ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန် /ဆက်)**



*စာမျက်နှာ ၁၂ မှ*

*စာမျက်နှာ ၁၂ မှ*

အကြံပြုဆွေးနွေးခြင်း၊ PFP Web Portal အသုံးပြုနည်း သင်တန်းပို့ချပေးခြင်းတွေ ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် လိုအပ်တဲ့နည်းပညာ ပံ့ပိုးကူညီခြင်းတွေ ဆောင်ရွက်ပေးနိုင်ခဲ့လို့ CPU တွေရဲ့ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုတွေမှာ များစွာအထောက်အကူဖြစ်စေခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှစ်ခုဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့မှာ အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**၂၀၂၆ ခုနှစ် ရှေ့လုပ်ငန်းအစီအစဉ်**

ကော်မရှင်ဟာ ၂၀၂၆ ခုနှစ်မှာ အဂတိလိုက်စားမှု အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းတွေကို အောက်ဖော်ပြပါ လုပ်ငန်းအစီအစဉ်တွေ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်လို့ တင်ပြထားပါတယ်-

(က) ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ခိုင်မာ ဖွံ့ဖြိုးတိုးတက်ရေး၊

(ခ) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊

(ဂ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး၊ အသိပညာပေးရေး အစီအစဉ်များ တစ်နိုင်ငံလုံး ပျံ့နှံ့စေရန် တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဃ) စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း လုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေမည့် အခြေခံကောင်းများ တည်ဆောက်ရေး၊

(င) ဌာနစွမ်းဆောင်ရည်မြှင့်တင်ရေး၊

(စ) ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး၊

(ဆ) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊

(ဇ) အမြဲမပြတ် စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်ရေး၊



ASEAN-PAC ၏ (၂၁) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးသို့ တက်ရောက်စဉ်။

(ဈ) ကော်မရှင်၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကိုပြည်သူသို့အစီရင်ခံတင်ပြရေး။

**အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရန်**

အဂတိလိုက်စားမှုကင်းစင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာစေဖို့အတွက် အဂတိလိုက်စားမှုကို ဖြစ်ပွားလာမှ စုံစမ်းစစ်ဆေးအရေးယူခြင်းထက် အဂတိလိုက်စားမှုများ မဖြစ်ပွားအောင် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းတို့ကို ကော်မရှင်က စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်အတွက်အရေးကြီးတဲ့ အခန်းကဏ္ဍတွေဖြစ်တဲ့ အဂတိလိုက်စားမှုတွေ လျော့နည်းကျဆင်းစေရေး၊ အဂတိကင်းစင်တဲ့ လူ့အဖွဲ့အစည်းဖြစ်စေရေးနဲ့ အများပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးရေးတို့အတွက် နိုင်ငံရေးစိတ်စေတနာအရင်းခံနဲ့ ရည်မှန်းချက်၊ ဦးတည်ချက်တွေ ချမှတ်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ ဖြောင့်မတ်တည်ကြည်မှုရှိတဲ့ ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေဖို့အတွက် ပြည်သူလူထုတစ်ဦးချင်းစီက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။ ဒါ့အပြင် နယ်ပယ်ကဏ္ဍအသီးသီးမှာ နိုင်ငံတော်ရဲ့ တာဝန်တွေကို ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့လည်း အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေတဲ့ အပြုအမူ၊ လှုပ်ရှားဆောင်ရွက်မှုတွေကို ရှောင်ရှားပြီး အများပြည်သူအကျိုးစီးပွားကို ဦးတည်ချက်ထား အကောင်အထည်ဖော်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကော်မရှင်က အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိတဲ့ လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေဖို့ ရည်မှန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။ ။




ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ၏ (၁၁)ကြိမ်မြောက် ညီလာခံသို့ တက်ရောက်စဉ်။

# ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားနှင့် တက်စ်မေးနီးယားပြည်နယ်တို့၌ အများပြည်သူ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကို အခမဲ့အသုံးပြုနိုင်

မဲလ်ဘုန်း မတ် ၂၉

**ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားနှင့် တက်စ်မေးနီးယားပြည်နယ်အစိုးရများသည် စက်သုံးဆီဈေးနှုန်း မြင့်လာမှုကိုတုံ့ပြန်ရန်အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများကို အခမဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း မတ် ၂၉ ရက်တွင် ကြေညာခဲ့သည်။**

ဗစ်တိုးရီးယားပြည်နယ်အစိုးရအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုအားလုံးကို မတ် ၃၁ ရက်မှစကာ တစ်လအကြာ အခမဲ့ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဂျာစင်တာ အယ်လန်က ပြောကြားသည်။

အဆိုပါ အစီအစဉ်သည် အရှေ့အလယ်ပိုင်း ပဋိပက္ခနှင့် ရေနံအကျပ်အတည်းများကြောင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေချိန်၌ အများပြည်သူသယ်ယူပို့ဆောင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ပိုမိုအဆင်ပြေစေမည်ဖြစ်ကြောင်း ဗစ်တိုးရီးယားအများပြည်သူနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး ဂါဘရီအယ်လီ ဝီလျံနှင့် ပူးတွဲကြေညာချက်တွင် ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

မတ် ၂၂ ရက်ကုန်ဆုံးသည့် သီတင်းပတ်အတွင်း နိုင်ငံတစ်ဝန်း ပျမ်းမျှ စက်သုံးဆီဈေးနှုန်းမှာ တစ်လီတာလျှင် ဩစတြေးလျ ဒေါ်လာ ၂ ဒသမ ၃၈ ဒေါ်လာ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဒေါ်လာ) အထိ စံချိန်တင်မြင့်မားခဲ့ကြောင်း ဩစတြေးလျ ရေနံအဖွဲ့အစည်း(AIP) က ပြောကြားသည်။ အဆိုပါဈေးနှုန်းမှာ အရှေ့အလယ်ပိုင်း ပဋိပက္ခများဖြစ်ပွားနေချိန်မှစတင်၍ ၂၇ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်။

တစ်လကြာ ဝန်ဆောင်မှုများကို အခမဲ့ပြုလုပ်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေ ဩစတြေးလျဒေါ်လာ သန်း ၇၀ (အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၁ သန်း)




ခန့်ရှိမည်ဖြစ်ကြောင်း အစိုးရက ပြောကြားသည်။

အလားတူ တက်စ်မေးနီးယားပြည်နယ်တွင်လည်း မတ် ၃၀ ရက်မှစ၍ ဇူလိုင်လအစောပိုင်းအထိ ကျွန်းပြည်နယ်အတွင်း ဘတ်စ်ကားနှင့် ဖယ်ရီဝန်ဆောင်မှုများအားလုံးကို အခမဲ့ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဂျယ်ရမီရော့ခ်လက်ဖ်က ပြောကြားသည်။

ဆင်ဟွာ

# ကမ္ဘောဒီးယားနိုင်ငံ၌ ဓာတ်ဆီဈေးကျသော်လည်း ဒီဇယ်ဆီဈေး ဆက်လက်မြင့်တက်

**ဖနောင်ပင် မတ် ၂၉**

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခကာလများအတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ ဓာတ်ဆီဈေးနှုန်းကျဆင်းမှုရှိသော်လည်း ဒီဇယ်ဆီဈေးနှုန်းမှာ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မတ် ၂၈ ရက် ညပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။

မတ် ၂၉ ရက်မှ စတင်ကာ နောက်ထပ်ကြေညာချက်မထုတ်ပြန်မချင်း ဓာတ်ဆီတစ်လီတာ ပုံမှန်ဈေးနှုန်းမှာ ရီယယ် ၅၀၀၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅) ကျသင့်မည်ဖြစ်ကြောင်း၊ ယင်းမှာ လွန်ခဲ့သည့် သုံးရက်အတွင်း ကထက် ၈ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလာကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

သို့သော်လည်း ဒီဇယ် တစ်လီတာဈေးနှုန်းမှာ ရီယယ် ၇၂၀၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၈) ကျသင့်မည်ဖြစ်ပြီး ၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်မှုရှိကြောင်း ဆက်လက်ဖော်ပြထားသည်။ မတ် ၂၉ ရက်အထိ LPG ရေနံဓာတ်ငွေ့ရည် ဈေးနှုန်းမှာ ၃၄၀၀ ရီယယ် (အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၅) သို့မြင့်တက်လာပြီး ၆ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခ စတင်ဖြစ်ပွားပြီးနောက် ကမ္ဘောဒီးယားနိုင်ငံတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် LPG ရေနံဓာတ်ငွေ့ရည် ဈေးနှုန်းများမှာ ၃၀ ရာခိုင်နှုန်း၊ ၈၇ ရာခိုင်နှုန်းနှင့် ၇၀ ရာခိုင်နှုန်းအထိ အသီးသီးမြင့်တက်မှုရှိသည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံတကာရေနံဈေးနှုန်း မြင့်တက်ခြင်း၏ ရိုက်ခတ်မှုများကို လျော့ပါး သက်သာစေရန်နှင့် ပြည်သူများ၏ ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးရန် ရည်ရွယ်ကာ ဓာတ်ဆီနှင့် ဒီဇယ်ဆီ ထုတ်ကုန်များအပေါ် သွင်းကုန်အခွန်နှင့် အခြားအခွန်အခများကို မတ် ၂၀ ရက်က လျှော့ချပေးခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာနမှ သိရသည်။

ကမ္ဘောဒီးယား နိုင်ငံသည် ဓာတ်ဆီနှင့် ဒီဇယ်ဆီကို ပြည်ပတင်သွင်းမှုအပေါ်တွင် အလုံးစုံမှီခိုအားထားနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ **ဆင်ဟွာ**






## အာဖဂန်နစ္စတန်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၁၇ ဦးထက်မနည်း သေဆုံး

**ကဘူးလ် မတ် ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် ၁၇ ဦးထက်မနည်း သေဆုံးပြီး ၂၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က မတ် ၂၉ ရက်တွင် ကြေညာသည်။

ပါဝန်၊ ဒေကွန်ဒီ၊ ဝါဒက်ခ်နှင့် လိုဂါပြည်နယ်များအပါအဝင် အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက် ရေကြီးနစ်မြုပ်မှုများ၊ မြေပြိုမှုများ၊ မိုးခြိမ်းမှုနှင့် မိုးကြိုးပစ်မှုများ ဖြစ်ပွားခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဟာဖက်ဇ် မိုဟာမက် ယူဆက်ဖ် ဟမ်မက်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ရေဘေးသင့်ပြည်နယ်များတွင် ရေကြီးနစ်မြုပ်မှုကြောင့် နေအိမ် ၁၄၇ လုံးပျက်စီးပြီး လမ်း ၈၀ ကီလိုမီတာ ပျက်စီးခဲ့သည်။ စိုက်ပျိုးမြေ ၅၈၂ ဧက ပျက်စီးခဲ့ပြီး ရေမြောင်းနှင့် ဆည်မြောင်း စနစ် ၃၁ ခု ရေကြီးနစ်မြုပ်ခဲ့ကြောင်း ဟမ်မက်က ပြောကြားသည်။ အာဖဂန်နစ္စတန် မိုးလေဝသအာဏာပိုင်အဖွဲ့က လာမည့်ရက်များအတွင်း မိုးရွာသွန်းမှုဆက်လက်ဖြစ်ပွားနိုင်သည့် သတိပေးချက်သစ်များ ထုတ်ပြန်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ စက်သုံးဆီဆိုင်အချို့ ပြန်လည်ဖွင့်လှစ်

**မနီလာ မတ် ၂၉**

ဖိလစ်ပိုင်နိုင်ငံ၌ စက်သုံးဆီပြတ်တောက်မှုကြောင့် ယာယီပိတ်ထားခဲ့ရသော နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်အချို့ ယခုအချိန်တွင် လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ပြီဖြစ်ကြောင်း ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ (PNP) က ပြောကြားသည်။

စက်သုံးဆီဆိုင် ပိတ်သိမ်းရမှုအများဆုံးမှာ ရေနံထုတ်ကုန်များ ထောက်ပံ့မှုအကန့်အသတ်ရှိခြင်းကြောင့်ဖြစ်ပြီး လုပ်ငန်းပြန်လည်လည်ပတ်နိုင်သည့် ဆိုင်များမှာ စက်သုံးဆီများ ပြန်လည်ဖြည့်တင်းဆောင်ရွက်ပြီးနောက် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုများကြောင့် ဖိလစ်ပိုင်နိုင်ငံသည် မတ် ၂၄ ရက်နောက်ပိုင်းတွင် နိုင်ငံ့စွမ်းအင် အရေးပေါ်အခြေအနေအဖြစ် ကြေညာထားခဲ့သည်။

ဆင်ဟွာ

## လာအိုနိုင်ငံ၌ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်နိုင်သဖြင့် အပူချိန်သတိပေးချက်ထုတ်ပြန်

**ဗီယင်ကျန်း မတ် ၂၉**

လာအိုနိုင်ငံတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်နိုင်သဖြင့် ပြည်သူများ ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း အာဏာပိုင်များက တိုက်တွန်းထားပြီး အလွန်အမင်းပူပြင်းသော ရာသီဥတုဆိုင်ရာ သတိပေးချက်ထုတ်ပြန်ထားသည်။

အသင့်အတင့်မှ အားကောင်းသော လေဖိအားနည်းရပ်ဝန်းတစ်ရပ်သည် အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများနှင့် ပေါင်းစပ်ကာ လာအိုနိုင်ငံတစ်ဝန်း ရိုက်ခတ်လျက်ရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မတ် ၂၉ ရက်တွင် ထုတ်ပြန်ထားသည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

အဆိုပါအခြေအနေများကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပူချိန်များ ပိုမိုမြင့်တက်လာနိုင်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။ ပြည်နယ်အများအပြားတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိနိုင်သည်ဟုလည်း ခန့်မှန်းထားသည်။

အာဏာပိုင်များက အပူလျှပ်ခြင်း၊ မီးလောင်မှုအန္တရာယ်၊ လျှပ်စစ်ဝိုင်ယာရှော့အပါအဝင် အလွန်အမင်းအပူလွန်ကဲခြင်းနှင့်ဆက်နွှယ်သောအန္တရာယ်များ ပိုမိုများပြားလာနိုင်ကြောင်း သတိပေးထားသည်။ ထို့ပြင်ပြင်ပလှုပ်ရှားမှုများကို ရှောင်ကြဉ်ရန်၊ ရေဓာတ်ပြည့်ဝနေစေရန်နှင့် ရာသီဥတုပြောင်းလဲမှုအပေါ် သတိရှိကြရန် ဒေသခံများကို တိုက်တွန်းထားသည်။

ဆင်ဟွာ



## ရွှေကျင်မြို့၌ ၂၀၂၆ ခုနှစ် နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**ရွှေကျင် မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပျဉ်းမပင်ရပ်ကွက် လေးထပ်ဘုန်းတော်ကြီးကျောင်း၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ



သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၏ အခြေခံမူရင်းဖြစ်သော ပရိယတ္တိသာသနာတော်ထွန်းကားပြန့်ပွားစေရန် ပါဠိပထမပြန် (ကြီး၊ လတ်၊ ငယ်၊ မူ)တန်း စာမေးပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ရွှေကျင်မြို့နယ်၌ မတ် ၂၉ ရက်မှစတင်၍ ကျင်းပလျက်ရှိသည်။

အဆိုပါစာမေးပွဲတွင် ပထမကြီးတန်း ခုနစ်ပါး၊ ပထမလတ်တန်း ၁၅ ပါး၊ ပထမငယ်တန်း ၂၉ ပါး၊ အခြေပြုမူလတန်း ၂၉ ပါး စုစုပေါင်း အပါး ၈၀ ဖြေဆိုလျက်ရှိသည်။ စာဖြေသံဃာတော်များအား ရွှေကျင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာဟိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

## ကျောင်းကုန်းမြို့၌ နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ ဖြေဆို

**ကျောင်းကုန်း မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် မိုဃ်းကောင်းတန်ဆောင်းတော်ကြီး၌ နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ (၂၇)ကြိမ်မြောက်ကို ယနေ့ မွန်းတည့် ၁၂ နာရီက ပထမနေ့အဖြစ် စတင်ဖြေဆိုခဲ့ကြသည်။

မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၆ ခုနှစ်တွင် (၂၇)ကြိမ်မြောက် ကျင်းပနိုင်ခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျောင်းတိုက်ခြောက်တိုက်မှ အခြေပြုမူလတန်းတွင် ၂၅ ပါး၊ ပထမငယ်တန်းတွင် ခြောက်ပါး၊ ပထမလတ်တန်းတွင် နှစ်ပါး၊ ပထမကြီးတန်းတွင် သုံးပါး စုစုပေါင်း ၃၆ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

အဆိုပါပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်



အထိ ခုနစ်ရက်တိုင်တိုင် နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီ အထိ ဖြေဆိုကြမည်ဖြစ်သည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ဘားအံမြို့၌ အသက်မွေးဝမ်းကျောင်း ပညာသင်ထောက်ပံ့ကြေး ပေးအပ်

**ဘားအံ မတ် ၂၉**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်



ဘားအံမြို့ လူငယ်စင်တာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ထူးချွန်လူငယ်များအား အသက်မွေးဝမ်းကျောင်းပညာသင်ထောက်ပံ့ကြေး ပေးအပ်ချီးမြှင့်ပြီး အိန္ဒိယသမ္မတနိုင်ငံ Madhya Pradesh ၌ ကျင်းပပြုလုပ်ခဲ့သည့် " ဘင်းမ်စတက် လူငယ်ယဉ်ကျေးမှုအမွေအနှစ်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အစီအစဉ် – BIMSTEC Youth Cultural Heritage and Sustainability Immersion Programme"သို့ တက်ရောက်ခဲ့သည့် ကရင်ပြည်နယ်မှ လူငယ်ကိုယ်စားလှယ် နှစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ခရမ်းမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၌ မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေး

**ခရမ်း မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်စိုးမိုး ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံ၊ အလုပ်ရုံများ၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းများဖြစ်သည့် (သဲပုံး၊ ရေပုံး၊ ခိုင်ခံ့သော မီးချိတ်၊ မီးကပ်၊ လှေကား) ထားရှိမှုနှင့် မီးသတ်ဆေးဘူးအသုံးပြုနည်းကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ခင်နှင်းဝေ(ပြန်/ဆက်)





## မန္တလေးငလျင်ကြီး တစ်နှစ်ပြည့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံး၌ကျင်းပ

**နေပြည်တော် မတ် ၂၉**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီး တစ်နှစ်ပြည့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် နေပြည်တော် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဦးဇာနေယျနှင့် သံဃာတော်များထံမှ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ငါးပါးသီလခံယူကြပြီး လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်ကာ မန္တလေးငလျင်ကြီးကြောင့် ကွယ်လွန်ခဲ့သူများအား ရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်ကြီးတံခွန်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်

**ပြည်ကြီးတံခွန် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မီးလန့်မှုများ မဖြစ်ပွား မပေါ်ပေါက်စေရေးအတွက် ယမန်နေ့ နံနက်ပိုင်းကစတင်၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် Popy မုန့်မျိုးစုံထုတ်လုပ်ရေးစက်ရုံ၌ မီးဘေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် သန္နေတပ်ဖွဲ့ဝင် ရှစ်ဦးနှင့် Popy မုန့်မျိုးစုံထုတ်လုပ်ရေးစက်ရုံမှ ဝန်ထမ်းများပူးပေါင်းကာ ဟောပြောသရုပ်ပြသခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ 191 Report Application ကို ထည့်သွင်းပေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိစေရေး မှာကြားခဲ့ကြောင်း သိရသည်။

ဇင်မင်းမောင်(ပြန်/ဆက်)

**မီးဘေးရှောင် မလောင်ခင်တား**



## ဖြူးမြို့နယ် သပြေလှကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းဖြင့် ချေးငွေထုတ်ချေး

**ဖြူး မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ချင်းခင်ကျေးရွာအုပ်စု သပြေလှကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းချေးငွေ (၁၀)ကြိမ်မြောက် ချေးငွေထုတ်ချေးပေးခြင်းကို ယမန်နေ့က ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်သည်။

ချေးငွေထုတ်ချေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က တက်ရောက်လာကြသော မြစိမ်းရောင်အသင်းသားများနှင့် ကျေးရွာနေပြည်သူများအား မြစိမ်းရောင်စီမံကိန်းလုပ်ငန်း စည်းမျဉ်းစည်းကမ်းများအရ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းနိုင်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်စီမံကိန်း မတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက စိုက်ပျိုးရေးကဏ္ဍတွင် အသင်းသား ၆၉ ဦးအတွက် ချေးငွေကျပ် ၂၂၀၈၀၀၀၀၊ မွေးမြူရေးကဏ္ဍတွင် အသင်းသား ၈၀ အတွက် ချေးငွေကျပ် ၁၇၆၀၀၀၀၀ ကို ချေးငွေကာလ ၁၂ လ၊ အတိုးကာလ ခြောက်လ၊ အတိုးနှုန်း ၁ ဒသမ ၅ ကျပ်နှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်းစုမြို့နယ်ရှိ တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျွန်းစု မတ် ၂၉**

တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကျွန်းစုမြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့(တနင်္သာရီ)မှ ဆောင်ရွက်လျက်ရှိသော လမ်းလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် တနင်္သာရီရေတပ်စခန်းဌာနချုပ်အတွင်းရှိ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(တနင်္သာရီ)မှ ဆောင်ရွက်သည့် တနင်္သာရီဆည်အနီးတွင် ဂါလန် ၃၀၀၀၀ ဆံ့ မြေသားရေလှောင်ကန် အလျား ၃၅ ပေ၊ အနံ ၃၅ ပေ၊ အနက် ၄ ပေခွဲ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ကမ်းကြီးတပ်ရှောင်ကွင်းလမ်း အရှည်(၁/၄)မိုင်၊ အကျယ် ၁၂ပေ၊ အကျယ် ၇ ပေထု၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့(တနင်္သာရီ)မှ ဆောင်ရွက်လျက်ရှိသည့် ကမ်းကြီးတပ်ရှောင်ကွင်းလမ်း (၀/၀-၀/၁)မိုင်ကြား အရှည် ပေ ၂၅၀ ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကိုမှာကြားကာ တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် ဒေသခံများက တင်ပြတောင်းဆိုသည့် ကတန်ဆိပ်ခံတံတား၏ တံတားချဉ်းကပ်နေရာတွင် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ရန် လိုအပ်နေမှုအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**






# တောင်ကြီးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ QR Code စနစ်ဖြင့် ရောင်းချပေးနေမှုများ ကြည့်ရှုစစ်ဆေး

**တောင်ကြီး မတ် ၂၉**

ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်သည် ပြည်နယ် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ ပြည်နယ်ကြီးကြပ် စစ်ဆေးရေးအရာရှိ ညွှန်ကြားရေးမှူး ဦးမင်းမင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ငွေရွှေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နေဝင်း၊ အမှတ်(၁၁၇) ယာဉ်ထိန်း ရဲတပ်ဖွဲ့စု (တောင်ကြီး) မှ ဒုတိယရဲမှူး မျိုးသန့်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ချစ်စမ်းမောင်နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့်စက်သုံးဆီအရောင်းဆိုင်များ၌ QR Code စနစ်ဖြင့် ရောင်းချနေမှုများအား ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

### ရှင်းလင်းပြောကြား

ဦးစွာ ပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့် အဖွဲ့သည် တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက်ရှိ BOC စက်သုံးဆီဆိုင်၊ သစ်တောရပ်ကွက်ရှိ နီလာရိုးမစက်သုံးဆီဆိုင်၊ ကံကြီးရပ်ကွက်ရှိ BOC (သစ်တော) စက်သုံးဆီဆိုင်၊ စံပြစက်သုံးဆီဆိုင်တို့တွင် QR Code စနစ်ဖြင့် ရောင်းချနေမှုများကို ကြည့်ရှု၍ စက်သုံးဆီဆိုင်များအနေဖြင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စုံ/မ စနစ်ဖြင့် သတ်မှတ်အင်ဂျင်ပါဝါအလိုက် ရောင်းချရန် လိုအပ်ကြောင်း၊ တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော် ဆိုင်ကယ်များအား စက်သုံးဆီ ရောင်းချမှုမရှိစေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားပြီး စက်သုံးဆီရောင်းချမှုများနှင့် ပတ်သက်၍ ဝယ်ယူကြသည့် မိဘပြည်သူများအား ရှင်းရှင်းနီးနီး ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။

**ထက်ဝေ(ပြန်/ဆက်)**

# သာစည်မြို့မဈေး မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ နေ့စဉ်ဆောင်ရွက်

**သာစည် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မီးသတ်ဦးစီးဌာနက သာစည်မြို့မဈေး မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ဈေးတာဝန်ရှိသူများနှင့် ပူးပေါင်း၍ နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဈေးတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးလုံခြုံရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်သွားရန် အကြံပြုချက်များ ဆွေးနွေးပေးခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**

*၁ ကျောဖုံးမှ*

ခရစ္စတယ်ပဲလေ့စ်အသင်း ကစားသမားဟောင်းသည် ၂၀၂၄ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိပြီးနောက် ပြိုင်ပွဲအရပ်ရပ် ၉၄ ပွဲတွင် ၃၆ ဂိုးသွင်းယူပြီး ၄၃ ကြိမ်အထိ ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။ ပုံစံကောင်းရရှိပြီး ခြေစွမ်းပြသထားနိုင်သည့် အိုလစ်သည် ဂျာမနီတွင် ၎င်း၏ ဒုတိယမြောက်ရာသီကုန်ဆုံးတော့မည် ဖြစ်သောကြောင့် လာမည့်အပြောင်းအရွှေ့ ကာလအတွင်း အသင်းပြောင်းရွှေ့သွားမည်လား ဆိုသည့်အပေါ် စိတ်ဝင်စားမှု မြင့်တက်လျက်ရှိသည်။

ပရီမီယာလိဂ်နာမည်ကြီး လီဗာပူးအသင်းသည် အသင်းမှထွက်ခွာတော့မည့် မိုဟာမက်ဆာလာ၏ နေရာကို အစားထိုးရန် စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၁၇၃ သန်းဖြင့် အိုလစ်ကိုခေါ်ယူနိုင်ရေး လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။ လီဗာပူးအသင်းအတွက် ပွဲပေါင်း ၄၃၅ ပွဲတွင် ၂၅၅ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၂၂ ကြိမ် ပြုလုပ်ပေးထားနိုင်သော တိုက်စစ်ကစားသမားဆာလာသည် အန်းဖီးလ်မှ ထွက်တော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

လီဗာပူးအသင်းအပြင် လာလီဂါနာမည်ကြီး ရီးရဲမက်ဒရစ်အသင်းကလည်း အိုလစ်ကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စိတ်ဝင်စားနေသည်။ သို့သော်လည်း ဘိုင်ယန်မြူးနစ်အသင်း အားကစားဒါရိုက်တာ မက်စ်အီဘဲလ်က အိုလစ်ထွက်ခွာနိုင်ခြေအပေါ် ပိတ်ပင်တားမြစ်ပိတ်ပင်မှုကို ထောက်ခံထားသည့်အတွက် အသင်းပြောင်းရွှေ့မှု ဖြစ်မြောက်နိုင်ခြေ နည်းပါးကြောင်းသိရသည်။ အိုလစ်သည် ဘိုင်ယန်မြူးနစ်အသင်းနှင့်ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၉ ခုနှစ်အထိရှိကြောင်း သိရသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်စ်လီဂါ ၂၇ ပွဲကစားပြီး ရမှတ် ၇၀ ဖြစ်ငှ် အမှတ်ပေးဖလား ဆွတ်ခူးရန် နီးစပ်နေပြီ ဖြစ်သည်။

**အောင်ဇော်**

# ဒေါပုံမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်အကြောင်း အသိပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်အကြောင်း အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၅ ရက်က ဒေါပုံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။**(အောက်ပုံ)**

အသိပညာပေးဆွေးနွေးပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန ဒေါပုံမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်မျိုးထွေးက ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register–CEIR)၏ အကျိုးကျေးဇူးများ၊ CEIR စနစ်ဖြင့် ဆောင်ရွက်နိုင်သည့် အချက်များနှင့် လုပ်ငန်းစဉ်များ၊ IMEI နံပါတ်အဓိပ္ပာယ်၊ အခွန်ပေးဆောင်ထားခြင်း ရှိ/မရှိ စစ်ဆေးပုံနည်းလမ်းစသည်တို့ကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မိုဘိုင်းဖုန်းဆိုင်ရှင်များက မေးမြန်းရာ မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးထွေးက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**ချစ်စုဝေ(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မတ် ၂၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

## ကျောက်တံခါးမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ စတင်ဖြေဆို

**ကျောက်တံခါး မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် ပါဠိပထမပြန် (ကြီး၊ လတ်၊ ငယ်၊ မူ) တန်းစာမေးပွဲ ပထမနေ့ကို ယနေ့ မွန်းတည့် ၁၂ နာရီက မြို့နယ်စည်ပင်သာယာခန်းမ၌ စတင်ဖြေဆိုခဲ့ကြသည်။



အဆိုပါစာမေးပွဲတွင် ပထမကြီးတန်း သုံးပါး၊ ပထမလတ်တန်း တစ်ပါး၊ ပထမငယ်တန်း ငါးပါး၊ အခြေပြုမူလတန်း ကိုးပါး၊ စုစုပေါင်း ၁၈ ပါး စာရင်းသွင်းထားပြီး ဖြေဆိုသူ ၁၅ ပါးရှိသည်။ ပထမကြီးတန်း သုံးပါး၊ ပထမလတ်တန်းတစ်ပါး၊ ပထမငယ်တန်း ငါးပါး၊ အခြေပြုမူလတန်း ခြောက်ပါး စုစုပေါင်း ၁၅ပါး၊ ပျက်ကွက် သုံးပါးဖြစ်ကြောင်း သိရသည်။

စာဖြေသံဃာတော်များအား မြို့နယ်ကြီးကြပ်ရေးသံဃာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများက စာဖြေသံဃာတော်များအား လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သရက်မြို့နယ်၌ အခြေခံပန်းချီသင်တန်းဖွင့်

**သရက် မတ် ၂၉**

မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့ စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန၌ မတ် ၂၃ ရက်မှစတင်ပြီး နေ့စဉ်နံနက် ၈ နာရီတွင် နွေရာသီအခြေခံပန်းချီ သင်တန်းဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

နွေရာသီကျောင်းပိတ်ရက်၌ လူငယ်များအချိန်ကိုတန်ဖိုးရှိစွာ အသုံးချပြီး ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးစေရန်၊ အရည်အချင်းမြင့်မားပြီး အတွေးအခေါ်မှန်ကန်၍ ဗလငါးတန်နှင့်ပြည့်စုံကာ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွက်စေရန်၊ အသိပညာ၊ အတတ်ပညာများ အခြေခံသိရှိနိုင်စေရန် ရည်ရွယ်ပြီး နွေရာသီကျောင်းပိတ်ရက်များ၌ နေ့စဉ် ကျောင်းသား ကျောင်းသူ ၂၅



ဦးအား အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို နည်းပြ နှစ်ဦးတို့က မတ်၂၃ ရက်မှစတင်ကာ ဧပြီ ၁၀ရက်အထိ အခမဲ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မောင်လုလင်(သရက်)**

## သီပေါမြို့နယ်၌ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်းစစ်ဆေး

**သီပေါ မတ် ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့



သည် မီးဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် မတ် ၂၈ ရက်က အနောက်ရပ်ကွက်အတွင်းရှိ နေအိမ်များနှင့် ဈေးဆိုင်များသို့ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်ထွန်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ၊ မီးဘေးအန္တရာယ်ပေါ်ပေါက်လာပါက အရေးပေါ်ဆောင်ရွက်ရမည့်အကြောင်းအရာများ စသည်တို့ကို အသိပညာပေး ဆွေးနွေးပြောကြားပြီး အရေးပေါ်မီးငြိမ်းသတ်ရေး ပစ္စည်းများဖြစ်သည့် ရေပုံး၊ သဲပုံး၊ မီးချိတ်၊ မီးကပ်၊ လှေကား၊ မီးသတ်ဆေးဘူးများ ထားရှိမှု ရှိ/မရှိစစ်ဆေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မတ် ၂၉ ရက်က ငှက်သိုက်ကျေးရွာအုပ်စု အပြင်သဲဖြူကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် ငှက်သိုက်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲများတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးဌာနမှူး ဦးနိုင်လင်းထွန်းက သစ်တောသစ်ပင်များအကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအကြောင်း၊ သစ်တောများက ပေးစွမ်းနိုင်သည့် ဂေဟစနစ်ဆိုင်ရာအကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတွင် သစ်တောများ၏ အရေးပါမှု၊ အကျိုးကျေးဇူးများနှင့် မီးခိုးမြူငွေ့ လျှော့ချရေးအတွက် Fire Hotspots များ လျော့နည်းကျဆင်းအောင် တောမီးရှို့ခြင်း၊ လယ်ယာများ မီးရှို့ခြင်းများ မပြုလုပ်ရန်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆောင်ရွက်နေမှု အခြေအနေများ၊ သစ်တောများ ထိန်းသိမ်းရေးအကြောင်းနှင့် သစ်တောမှပေးစွမ်းနိုင်သော အကျိုးကျေးဇူးများအကြောင်း တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ မြို့နယ်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းပြောကြားပြီး ဟောပြောပွဲများသို့ တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများကိုလည်း မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



## နတ်တလင်းမြို့နယ်၌ (၃၈)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

**နတ်တလင်း မတ် ၂၉**

နတ်တလင်းမြို့နယ်၌ (၃၈)ကြိမ်မြောက် ပါဠိ ပထမပြန်စာမေးပွဲတွင် စာအောင်သံဃာတော်များနှင့် သီလရှင်များအား စာအောင်လက်မှတ်နှင့် ဆုများဆက်ကပ်အပ်နှင်းသည့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ယမန်နေ့က မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားကို မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များ၊ စာအောင်သံဃာနှင့် သီလရှင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကောင်မတီဥက္ကဋ္ဌ ဦးတင်ရွှေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကောင်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး နမောတဿသုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အကြီးတန်းအောင်သံဃာသုံးပါး၊ ပထမလတ်တန်းအောင်သံဃာ တစ်ပါးနှင့် အခြေပြုမူလတန်းအောင် နှစ်ပါးတို့အား စာအောင်လက်မှတ်များကို ဆက်ကပ်ချီးမြှင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**



## စာပေချစ်မြတ်နိုးသူ အဖွဲ့ဝင်များနှင့် စာဖတ်ဝိုင်းပြုလုပ်

**မင်းဘူး မတ် ၂၉**

မင်းဘူးမြို့၌ ယမန်နေ့က ခရိုင်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်း ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က စာဖတ်ဝိုင်းပြုလုပ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အတွင်းရေးမှူး ဦးငွေလွင်နှင့် အဖွဲ့ဝင်ဆရာမ ဒေါ်မိုးဆွေတို့က စာရေးဆရာ ဒေါက်တာသိန်းလွင် ရေးသားသည့် “ကျောင်းသားဘဝနှင့် ဆက်စပ်ပြင်ဆင်ကြ” စာအုပ်ပါ အကြောင်းအရာများကို ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။


ရန်ကုန် - အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး - ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ




# ကော့မှူးမြို့နယ်၌ ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲဖြေဆို



**ကော့မှူး မတ် ၂၉**

၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် စာဖြေဌာနဖြစ်သည့် ဘုရားလမ်းရပ်ကွက် မဟာဝိဇ္ဇာဒယ ကျောင်းတိုက် ဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက သံဃာတော်များနှင့် သီလရှင်များ အေးချမ်းစွာဖြေဆိုကြသည်။

အဆိုပါပါဠိပထမပြန်စာမေးပွဲကျင်းပရာတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညာစက္ကနှင့် ကြီးကြပ်ဆရာတော်များက စာဖြေနေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥပဋ္ဌာကဥက္ကဋ္ဌ ဦးခင်ဇော်နှင့်အဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကျေး အုပ်ချုပ်ရေးမှူးများက ဝေယျာဝစ္စလုပ်ငန်းများကို ကုသိုလ်ပြု ဆောင်ရွက်ပေးသည်။

ပါဠိပထမပြန်စာမေးပွဲဖြေဆိုရာတွင် စာရင်းရှိပထမကြီးတန်း သံဃာ ၁၈ ပါး၊ အကြီးတန်း သီလရှင်တစ်ပါး၊ ပထမလတ်တန်း သံဃာ ၁၈ ပါး၊ ပထမငယ်တန်း သံဃာ ၃၂ ပါး၊ သီလရှင်တစ်ပါး အခြေပြုမူလတန်း ၆၅ ပါး၊ သီလရှင် သုံးပါး စုစုပေါင်း ၁၃၈ ပါး ရှိပြီးပထမကြီးတန်းဖြေဆို သံဃာ ၁၅ ပါး၊ သီလရှင်တစ်ပါး၊ပျက်ကွက်သံဃာသုံးပါး၊ ပထမလတ်တန်း သံဃာ ၁၈ ပါး၊ ပထမငယ်တန်းဖြေဆိုသံဃာအပါး ၃၀၊ သီလရှင်တစ်ပါး ပျက်ကွက်သံဃာနှစ်ပါး၊ အခြေပြုမူလတန်း ဖြေဆိုသံဃာ ၅၂ ပါး၊ သီလရှင်နှစ်ပါး၊ ပျက်ကွက်သံဃာ ၁၃ ပါးသီလရှင်တစ်ပါး စုစုပေါင်းသံဃာနှင့် သီလရှင် ၁၁၉ ပါး ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# လှိုင်မြို့နယ်၌ (၁၅)ကြိမ်မြောက် ဗုဒ္ဓစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ဗုဒ္ဓစာပေအဖွဲ့နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် (၁၅)ကြိမ်မြောက် ဗုဒ္ဓစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်ချမ်းသာကျောင်းတိုက် မုဋ္ဌလိန္ဒာဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ အောင်သိဒ္ဓိဆရာတော် အဂ္ဂမဟာဓောတိကဓဇ ဘဒ္ဒန္တတိက္ခာစာရဆရာတော်ကြီး၊ အောင်ချမ်းသာဆရာတော် မဟာဓောတိကဓဇဘဒ္ဒန္တနာရဒဆရာတော်ကြီးတို့က ဩဝါဒစကား မိန့်ကြားပြီး လှိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုး၊ လှိုင်မြို့နယ် ဗုဒ္ဓစာပေအဖွဲ့နာယက ဆရာမင်းဆက်ပိုင်နှင့် လှိုင်မြို့နယ်စာပေအဖွဲ့ဥက္ကဋ္ဌ ဦးသန်းကျော်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဗုဒ္ဓစာပေဆုရ ကျောင်းသား ကျောင်းသူ ၅၈ ဦးနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့အား ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဧည့်သည်တော်များက ဆုများ ချီးမြှင့်သည်။

အဆိုပါ လှိုင်မြို့နယ်ဗုဒ္ဓစာပေဆုချီးမြှင့်နိုင်ရန်အတွက် လှိုင်မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ကိုးကျောင်း၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်သင်ကြားပြီး ကျောင်းသား ကျောင်းသူ ၄၂၀ တို့က ယဉ်ကျေးလိမ္မာစာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**ဇော်ဇော်နိုင်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး တပ်ကုန်းမြို့နယ်ရှိ ဘုရားစေတီဂေါပကအဖွဲ့ဝင်များနှင့်ဆွေးနွေး ဓမ္မာစရိယစာမေးပွဲနှင့်ပါဠိပထမပြန်စာမေးပွဲစာဖြေ ရဟန်း၊ သံဃာ၊ သာမဏေနှင့် သီလရှင်များအား ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၂၉**



နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ သန့်ရှင်းသာယာလှပရေး၊ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ဘုရားဖူးလည်ပတ်နိုင်ရေးအတွက် ဘုရားစေတီဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲတွင် နေပြည်တော်ကောင်စီဝင်နှင့် တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ စတင်ခဲ့ပြီး နေပြည်တော်ကောင်စီဝင်က မြို့နယ်အတွင်းရှိဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများအား ကြည်ညိုဖွယ်ဖြစ်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်လိုကြောင်း၊ သတင်းစာ၊ MRTV သတင်းဌာနများမှ နှိုးဆော်အလှူငွေများ ရှာဖွေပြုပြင်ရန်နှင့် သန့်ရှင်းသာယာလှပရေး ပြန်လည်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိရပ်ရွာအတွင်းမှာ ရှေးဟောင်းဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများကို ဘုရားဖူးပြည်သူများ ပိုမိုသိရှိလာအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဘုရားဂေါပကအဖွဲ့များဖွဲ့စည်းရာနှင့် ဘုရားစေတီပုထိုးနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ဆောင်ရွက်ရန်လိုကြောင်းနှင့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်စေရေး စီစဉ်ဆောင်ရွက်ထားရှိရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှေးဟောင်း မိုဃ်းကောင်းဆုတောင်းပြည့် စေတီတော်၊ ပြိုင်အင်းဆုတောင်းပြည့်စေတီတော်၊ သားခိုတောင် ဆုတောင်းပြည့်စေတီတော်၊ ဦးခန္တီဆုတောင်းပြည့်စေတီတော် ဂေါပကဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များက မန္တလေးမြေလျှင်လှုပ်ခတ်မှုကြောင့် ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပျက်စီးမှုကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ပြုပြင်ရန်ကျန်ရှိနေသည့်အခြေအနေများ ရှင်းလင်းတင်ပြခဲ့ကြရာ နေပြည်တော်ကောင်စီဝင်က တင်ပြမှုများနှင့် စပ်လျဉ်းသည့်လုပ်ငန်းပိုင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများ မြို့နယ်အောင်ဆန်းခန်းမ၌ ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုနေကြသော ရဟန်း၊ သံဃာ၊ သာမဏေနှင့် သီလရှင်ဆရာလေးများအား ဖူးမြော်ကြည်ညိုခဲ့ပြီးနောက် ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ဆရာတော်ကြီးများထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲတွင် ကျန်းမာရေးစောင့်ရှောက်ပေးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ကဝမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ စတင်ဖြေဆို

ကဝ မတ် ၂၉

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် ပါဠိပထမပြန် (ကြီး၊ လတ်၊ ငယ်၊ မူ)တန်းစာမေးပွဲ ပထမနေ့ကို ယနေ့ မွန်းတည့် ၁၂ နာရီက ကဝမြို့ စက်ကျောင်း ကျောင်းတိုက်၌ စတင်ဖြေဆိုခဲ့ကြသည်။

အဆိုပါစာမေးပွဲတွင် ပထမကြီးတန်း လေးပါး၊ ပထမငယ်တန်း လေးပါး၊ အခြေပြုမူလတန်း ၃၉ ပါး စုစုပေါင်း ၄၇ ပါး စာရင်းသွင်းထားသော်လည်း ဖြေဆိုသူ ၃၈ ပါးရှိပြီး ပထမငယ်တန်း တစ်ပါး၊ အခြေပြုမူလတန်း ရှစ်ပါး စုစုပေါင်း ကိုးပါး ပျက်ကွက်ခဲ့သည်။

စာဖြေသံဃာတော်များအား မြို့နယ်ကြီးကြပ်ရေးသံဃာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများက စာဖြေသံဃာတော်များအား လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၆ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ရဲဇော်ဟိန်း(ပြန်/ဆက်)

# ပခုက္ကူမြို့၌ ဆယ့်နှစ်ပွဲဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော် ဆိုင်ခန်းအချို့ စတင်ဖွင့်လှစ်ရောင်းချ

ပခုက္ကူ မတ် ၂၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ပုဂံပြည့်ရှင် အလောင်းစည်သူ မင်းကြီးကိုယ်တိုင် တည်ထားကိုးကွယ်တော်မူခဲ့သော ရေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင် မြတ်စွာဘုရား စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းရာနှုန်းပြည့်ကပ်လှူပူဇော်ပြီးစီးမှုအထိမ်းအမှတ် ဆယ့်နှစ်ပွဲဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော်အတွက် ဈေးဆိုင်ခန်းအချို့ မတ် ၂၇ ရက်က ဖွင့်လှစ်ပြီး စတင်ရောင်းချနေကြပြီဖြစ်သည်။

ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှုအောင်ပွဲ အထိမ်းအမှတ်အဖြစ် မတ် ၂၇ ရက်မှ ဧပြီ ၇ ရက်အထိ အစီအစဉ်များစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ ပွဲတော်ကာလများအတွင်း ဈေးဆိုင်ခန်းပေါင်း ၃၀၀ ခန့်ဖြင့် အညာဒေသထွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်ဒီဇိုင်းမျိုးစုံ၊ ကလေးကစားစရာပစ္စည်းမျိုးစုံ၊ တောင်သူလယ်သမားသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းအရောင်းဆိုင်များနှင့် မုန့်ဆိုင်တန်းများဖြင့် ရပ်နီးရပ်ဝေးမှ ဈေးသည်များနှင့်ဒေသခံဈေးသည်များပါဝင်သော ဆယ့်နှစ်ပွဲဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော်



အပြင် မိဘပြည်သူများစိတ်အပန်းပြေနိုင်စေရေးအတွက် ကလေးကစားစရာနေရာများ၊ ပင်လယ်ခါးပြ အပါအဝင် အပျော်စီးနေရာများစီစဉ်ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ မတ် ၂၇ ရက်မှ စတင်၍ ဈေးဆိုင်ခန်း ၁၀၀ ခန့် ဖွင့်လှစ်ပြီး ရောင်းချနေပြီဖြစ်ကြောင်း၊ လက်ရှိတွင် မြန်မာ့ရိုးရာခြင်းလုံးအလှခတ်စွမ်းရည်ပြပွဲ ကျင်းပလျက်ရှိပြီး မတ် ၃၀ ရက်မှ ဧပြီ ၁ရက်အထိ မန္တလေးအားမာန်သစ်ဇာတ်အဖွဲ့နှင့် ဧပြီ ၅ ရက်မှ ၇ ရက်အထိ မန္တလေးကောင်းစစ်ဟိန်းဇာတ်အဖွဲ့တို့၏ ဇာတ်အလှသဘင် ဖျော်ဖြေရေးအစီအစဉ်များ၊ ဧပြီ ၁ ရက်တွင် ဘုရားအနေကဇာတင်ဗုဒ္ဓပူဇနိယပွဲတော်၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ၊ ရေစက်ချတရားပွဲနှင့် စတုဒိသာကျွေးမွေးခြင်း၊ သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်တော် လောင်းလှူပွဲတို့ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ဘုရားကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှဖုန်းက ပြောသည်။

ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီးရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း လုပ်ငန်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှစတင်ပြီး ငြမ်းလုပ်ငန်း၊ ပြဒါးခံသစ်ဆေးသုတ်လုပ်ငန်းနှင့် ရွှေဆိုင်းချခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း စသည်ဖြင့် အပိုင်းသုံးပိုင်းခွဲကာ လုပ်ငန်းများအရည်အသွေးပြည့်မီကောင်းမွန်စေရေးနှင့် ရာနှုန်းပြည့်ပြီးစီးနိုင်ရေးအတွက် ပခုက္ကူမြို့ရှိ ထေရ်ကြီးဝါကြီးဆရာတော်များ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဘုရားကြီးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်ပြည်သူများ စုပေါင်း၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊ မတ် ၂၇ ရက်တွင် အောင်ပွဲအထိမ်းအမှတ်ဖွင့်ပွဲနှင့် ဓမ္မသဘင် ဆည်းဆာအထူးတရားပွဲများ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့်တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# မြို့သစ်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး

မြို့သစ် မတ် ၂၉

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းကို ယမန်နေ့ညနေပိုင်းက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်း လိုက်လံနှိုးဆော်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မြို့သစ်မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် သဘာဝဘေးနှင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးနှင့် မီးဘေးကြောင့် ဒေသခံပြည်သူများ အသက်အိုးအိမ်စည်းစိမ်များဆုံးရှုံးမှုမရှိစေရေးအတွက် မိမိနေအိမ်တွင် အသုံးပြုသောလျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းနေပါက အသစ်လဲလှယ်ရန်၊ မီးဘေးလုံခြုံရေးအတွက် ထမင်းဟင်းများချက်ပြုတ်ပါက လျှပ်စစ်မီးစနစ်တကျကိုင်တွယ်အသုံးပြုရေး၊ ထင်း၊ မီးသွေးမီးဖိုဖြင့် ချက်ပြုတ်ပါက မီးကြွင်းမီးကျန်များအား စနစ်တကျငြိမ်းသတ်ရန်၊ မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေအိတ်၊ မီးသတ်ဆေးဘူးနှင့် ရေပုံးများ အဆင်သင့်ထားရှိရန်၊ မီးလောင်မှုဖြစ်ပွားပါက အချိန်မီသတင်းပေးပို့ကြရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို လိုက်လံနှိုးဆော်ပေးမှုများဆောင်ရွက်ခဲ့သည်။

မြို့သစ်မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအပြင် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်များတွင်လည်း လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးတို့အတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် သရုပ်ပြလေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ်လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း မြို့သစ်မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

သန်းဝင်းထွန်း (ပြန်/ဆက်)



# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# ၂၀၂၆ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင် ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန် မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ မသိမဖြစ်သိထားသင့်တဲ့ Case of Nouns (ဝါကျတွင် နာမ်များကို ထားသိုအသုံးပြုပုံ)ကို နမူနာဝါကျများနဲ့ ရှင်းလင်းဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about intention–II (ရည်ရွယ်ချက်တွေကို ဘယ်လိုပြောမလဲ။) ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

Exercise (1) မှ အဖြေများ

| Masculine | Feminine | Common | Neuter |
|---|---|---|---|
| boy | girl | baby | book |
| actor | milkmaid | parent | paper |
| postman | wife | pupil | watch |
| steward | cow | friend | clothes |
| heir | spinster | driver | finger |
| prince | niece | doctor | shirt |
| widower | waitress | neighbour | mango |

Exercise (2) မှအဖြေများ


1. The car instructress is a widow.
2. The priestess prayed to the goddesses in the temple.
3. Her mama is a stewardess.
4. Our landlady threats her step–daughter cruelly.
5. The empress praised the heroine.
6. The washerwoman's daughter is a waitress.
7. The witch turned the princess into a duck.
8. His niece is your wife's friend.
9. The **huntress** shot a **tigress** and a **lioness.**
10. The bride's mother is a postwoman.

**(၁) Nominative Case or Subjective Case (ကတ္တားကိစ္စဆောင်ရွက်ခြင်း)**

ကတ္တားကိစ္စဆောင်ရွက်ရာတွင် ဝါကျတစ်ခု၏ ကတ္တားအဖြစ်ဆောင်ရွက်ခြင်းနှင့် ဖြစ်ခြင်းပြကြိယာ၏ အဖြည့်ခံအဖြစ် ဆောင်ရွက်ခြင်းဟူ၍ နှစ်မျိုးရှိသည်။

– the subject of a sentence (ဝါကျတစ်ခု၏ ကတ္တားအဖြစ် ဆောင်ရွက်ခြင်း)

Maung Hla hit Maung Mya. ဒီနေရာတွင် Maung Hla သည် Subjective Case ဖြစ်သည်။ ထို့အတူ hit ဆိုသည့် verb ၏ doer (ပြုလုပ်သူ) လည်း ဖြစ်သည်။




အလားတူ – Ko Ko reads the Global New Light of Myanmar.
ကိုကိုသည် Global New Light of Myanmar သတင်းစာဖတ်နေသည်။

– the complement of the (verb to be) (ဖြစ်ခြင်းပြကြိယာ၏ အဖြည့်ခံအဖြစ် ဆောင်ရွက်ခြင်း)

(am, is, are, was, were တို့ကို ဖြစ်ခြင်းပြကြိယာ Verb to be ဟုခေါ်သည်)

U Maung Maung is a doctor. ဒီနေရာမှာ U Maung Maung နဲ့ ဆရာဝန်တို့ဟာ ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပြီး သူတို့ဆောင်ရွက်တဲ့ကိစ္စ case ချင်းလည်း တူကြတယ်။

အလားတူ – Mya Mya is a teacher.
မြမြသည် ဆရာမတစ်ယောက်ဖြစ်သည်။

**(၂) Accusative Case (တိုက်ရိုက်ကံကိစ္စကို ဆောင်ရွက်ခြင်း)**

တိုက်ရိုက်ကံကိစ္စကိုဆောင်ရွက်ရာတွင် ကြိယာတစ်ခု၏ တိုက်ရိုက်ကံအဖြစ် အသုံးပြုခြင်းနှင့် ရှေ့ဆောင်ပုဒ်၏နောက်တွင်ထားပြီး ကံပုဒ်အဖြစ် အသုံးပြုခြင်းဟူ၍ နှစ်မျိုးရှိသည်။

– **the direct object of a verb (ကြိယာတစ်ခု၏ တိုက်ရိုက်ကံအဖြစ် အသုံးပြုခြင်း)**

– The boy throws a stone. ဒီနေရာမှာ stone သည်ပြုခြင်းခံရသော တိုက်ရိုက်ကံပုဒ်ဖြစ်သည်။

အလားတူ – A dog bites a woman.
ခွေးတစ်ကောင်သည် အမျိုးသမီးတစ်ဦးကို ကိုက်သည်။

– **after a preposition (ရှေ့ဆောင်ပုဒ်၏နောက်တွင်ထားပြီး ကံပုဒ်အဖြစ် အသုံးပြုခြင်း)**

Noun (နာမ်) တစ်ခုကို ဦးဆောင်ပုဒ်တစ်ခု၏ နောက်တွင်ထားသုံးသည့်အခါ ထိုနာမ်သည် ထိုဦးဆောင်ပုဒ်၏ ကံပုဒ်ဖြစ်သည်။ ဥပမာ–

– The boys play in the playground.
– Your bag is on the table.

**(၃) Dative Case – the indirect object of a verb (သွယ်ဝိုက်ကံကိစ္စကို ဆောင်ရွက်ခြင်း)**

သွယ်ဝိုက်ကံကိစ္စဆောင်ရွက်ခြင်းဆိုသည်မှာ နာမ်တစ်ခုသည် ကြိယာတစ်ခု၏ သွယ်ဝိုက်ကံဖြစ်ခြင်းကို သွယ်ဝိုက်ကံကိစ္စ ဆောင်ရွက်ခြင်းဟုခေါ်သည်။ ဥပမာ–

– She gives the child a toy.
– The teacher teaches us a new lesson.
– A woman buys her daughter a skirt.

## VOCABULARY ENRICHMENT PROGRAMME

❖ **a bad egg = (အသုံးမကျသူ၊ မယုံကြည်ရသူ)**

I don't want my son to be friends with Bobby Smith. He's a bad egg.

ငါ့သားကို ဘော်ဘီစမစ်နဲ့ သူငယ်ချင်းမဖြစ်စေချင်ဘူး။ ဒီကောင်က သုံးစားမရတဲ့ကောင်။

❖ **to keep the ball rolling (ဆက်ပြောသည်။ ဆက်လုပ်သည်။)**

I've started the preparations for the party, but it's up to you to keep the ball rolling.

ပါတီအတွက် ပြင်ဆင်မှုတွေ စတင်ပြီးလုပ်ပြီးပြီ။ ဒါပေမယ့် အခုချိန်ထိ ဆက်လုပ်နေရတုန်းပဲ။

❖ **to turn tail (အမြီးကုပ်ထွက်ပြေးသည်။)**

As soon as they saw us coming they turned tail and run.

သူတို့ငါတို့ကိုလည်းတွေ့ရော အမြီးကုပ်ပြီး ထွက်ပြေးသွားကြတယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### How to talk about intentions –II (ရည်ရွယ်ချက်တွေကို ဘယ်လိုပြောမလဲ။)

I've decided (that) …

*I've made the decision to …*

*I've decide on …*

*It is my intention to …*

*I have no intention of …*

၁။ ကိုယ်ဘာလုပ်မလဲလို့ ဆုံးဖြတ်လိုက်တာကို ဖော်ပြပြောဆိုတဲ့အခါမှာ **I've decided (that)** ဆိုပြီးပြောနိုင်ပါတယ်။ I've decided that ဆိုတဲ့ အသုံးကတော့ I'm going to … အသုံးနဲ့အတူတူပဲ ဖြစ်ပါတယ်။ ပိုပြီး အလေးအနက်ပြောချင်တဲ့အခါမှာ ပိုပြီးယဉ်ယဉ်ကျေးကျေး ပြောချင်တဲ့အခါမှာ **I have decided to …** ဆိုပြီး အတိုချုံးပုံစံနဲ့မဟုတ်ဘဲ အပြည့်ပုံစံနဲ့ပြောနိုင်ပါတယ်။ တစ်ခါတစ်ရံမှာလည်း **I've decided on …** ဆိုပြီးလည်း ပြောနိုင်ပါတယ်။ ပြောချင်တဲ့ အဓိပ္ပာယ်ကတော့ "ကျွန်တော်လုပ်တော့မယ် ဒါမှမဟုတ်ရင်လည်း ကျွန်တော်လုပ်မယ်လို့ ဆုံးဖြတ်လိုက်တာကတော့" ဆိုတဲ့ သဘောမျိုးပဲ ဖြစ်ပါတယ်။ ဥပမာ–

– I've decided to move to a bigger flat.
– I've decided to do a postgraduate degree.
– I've decided to emigrate to Australia.
– I've decided on a blue carpet for the bedroom.
– I have decided that it is time to look for a job with more prospects.

**ဘာသာစကားရှုထောင့်**

**I have decided to …** လိုပဲ နောက်တစ်မျိုး ပြောနိုင်တဲ့ပုံစံကတော့ **I've made the decision to …** ပဲ ဖြစ်ပါတယ်။ ဥပမာ–

– I've made the decision to emigrate to Australia.
– I've made the decision to leave university without finishing my course.

၂။ ကျွန်တော်လုပ်မယ်လို့ ကြံရွယ်ထားတယ်လို့ ပြောချင်ရင်သုံးတဲ့ I intend to … ထက် ပိုပြီးအသုံးများတဲ့ ပုံစံတစ်မျိုးကတော့ **it is my intention to …** ပဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ "ရည်ရွယ်ချက်ကတော့ …" ဆိုပြီး အဓိပ္ပာယ်ကောက်ယူနိုင်ပါတယ်။ ဥပမာ–

– It is my intention to leave immediately.
– It is my intention to seek compensation.
– It is my intention to take early retirement next year.

၃။ I have no intention of … ဆိုတဲ့ အသုံးကိုတော့ သင့်တော်ရာနေရာမှာ သုံးနိုင်ပါတယ်။ "စိတ်မကူးတော့ဘူး။ မရည်ရွယ်တော့ဘူး။ ရည်ရွယ်ချက်မရှိတော့ဘူး" ဆိုတဲ့ သဘောမျိုးနဲ့သုံးတာ ဖြစ်ပါတယ်။ ဥပမာ–

– I have no intention of discussing this matter further.

**What your're going to do after university**

**Dan:** Have you any idea what you're going to do when you leave university, Mark.

**Mark:** I've decided to do a PhD, but I'm going to wait and see how I get on in my finals next year. What about you?

**Dan:** I'm going to join the family firm of wine importers. The job will involve quite a lot of travels, which I enjoy.

**Sue:** My parents would love it if I joined the family accountancy firm but I have no intention of doing that. I don't want to be an accountant even if I am studying maths.

**Dan:** What do you want to do then?

**Sue:** I plan to take a year off to go travelling and then I intend to try to find some kind of jobs in astronomy. I'm studying it as part of my degree and I really enjoy it.

# ကိုကိုဂေါ့ဖ်ကို အနိုင်ယူပြီး မိုင်ယာမီအိုးပင်းဖလား ဆာဘယ်လင်ကာ ဆွတ်ခူး



■ ဆုဖလားနှင့်အတူတွေ့ရသည့် ကမ္ဘာ့အဆင့် (၁) ဘယ်လာရုစ် တင်းနစ်မယ် ဆာဘယ်လင်ကာ။

ကမ္ဘာ့အဆင့် (၁) ဘယ်လာရုစ်တင်းနစ်မယ် အရှိုင်နာဆာဘယ်လင်ကာသည် မိုင်ယာမီအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အမေရိကန်နာမည်ကြီး ကိုကိုဂေါ့ဖ်ကို အနိုင်ယူပြီး မိုင်ယာမီအိုးပင်းဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

၎င်းသည် ကိုကိုဂေါ့ဖ်ကို အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး ၆-၂၊ ၆-၄၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ ဆာဘယ်လင်ကာသည် ယခုပြိုင်ပွဲမတိုင်မီ ကျင်းပခဲ့သည့် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင်လည်း နာမည်ကြီး ကာဇက်စတန်တင်းနစ်မယ် ရှိုင်ဘာကီနာကို ကျော်ဖြတ်ကာ ဖလားဆွတ်ခူးထားသည်။

ဆာဘယ်လင်ကာသည် ၂၀၂၂ ခုနှစ်က အီဂါဆွီယာတက်ခ်နောက်ပိုင်း အင်ဒီးယန်းဝဲလ်စ်ဖလားနှင့် မိုင်ယာမီအိုးပင်းဖလားကို ဆက်တိုက်ဆွတ်ခူးနိုင်သည့် တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်၊ ဂျာမနီနာမည်ကျော်တင်းနစ်မယ် စတက်ဖီဂရပ်ဖ်၊ ဘယ်လ်ဂျီယံတင်းနစ်မယ် ကင်ကလိုက်စတာ၊ တစ်နိုင်ငံတည်းသူ ဗစ်တိုးရီးယားအဇာရင်ကာတို့ပြီးနောက် အင်ဒီးယန်းဝဲလ်စ်ဖလားနှင့် မိုင်ယာမီအိုးပင်းဖလားကို ဆက်တိုက်ဆွတ်ခူးနိုင်သည့် ပဉ္စမမြောက် တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ကိုကိုဂေါ့ဖ်သည် ဆာဘယ်လင်ကာနှင့် တွေ့ဆုံခဲ့သည့် ၂၀၂၅ ခုနှစ် မက်ဒရစ်အိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင်လည်း ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ထားသည်။ ၎င်းသည် ပြိုင်ပွဲတစ်လျှောက်တွင် ဆာစတီယာ၊ ဘင်းဆစ်၊ မူချိုဗာ စသည့်နာမည်ကြီး တင်းနစ်မယ်များကို ကျော်ဖြတ်ကာ ဗိုလ်လုပွဲတက်လှမ်းခွင့်ရရှိခဲ့သော်လည်း ဆာဘယ်လင်ကာကို ထပ်မံရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့် ထပ်မံလွဲချော်ခဲ့သည်။

## အမှတ်ပေးဖလား ဆွတ်ခူးရန် မန်စီးတီးအမျိုးသမီးအသင်း နီးစပ်လာ

အမျိုးသမီးစူပါလိဂ် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) တွင် မန်စီးတီးက မန်ယူကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သောကြောင့် ဖလားဆွတ်ခူးရရှိရေး နီးစပ်လာပြီ ဖြစ်သည်။

ပုံစံကောင်း ပြသထားနိုင်သည့် မန်စီးတီးအသင်းသည် မန်ယူအသင်းကို ပွဲအစပိုင်းကတည်းက ဖိအားပေးကစားနိုင်ခဲ့ပြီး သွင်းဂိုးများ ရယူနိုင်ခဲ့သည်။ မန်ယူအသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေး ဖန်တီးနိုင်ခဲ့သော်လည်း သွင်းဂိုးများအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။

မန်ယူအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ခြောက်ပွဲတွင် ရှုံးပွဲ လေးပွဲအထိ ရှိလာပြီး တစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ ပြိုင်ဘက် မန်စီးတီးအသင်းက နောက်ဆုံးငါးပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်း မရှိဘဲ လေးပွဲအထိ နိုင်ပွဲရရှိထားသည်။ ထို့ပြင် မန်စီးတီးအသင်းသည် လာမည့်ဧပြီ ၅ ရက်တွင် အမျိုးသမီး အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘာမင်ဂမ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

မန်ယူအသင်းက ဧပြီ ၁ ရက်တွင် အမျိုးသမီး ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ မန်စီးတီးအသင်းသည် အမျိုးသမီးစူပါလိဂ်တွင် ၁၉ ပွဲကစားပြီး ၁၆ ပွဲနိုင်၊ တစ်ပွဲသရေနှင့် နှစ်ပွဲရှုံး ရလဒ်ရရှိထားသည်။




■ မန်စီးတီးအမျိုးသမီးကွင်းလယ်တိုက်စစ်ကစားသမား မီဒီမာ အသင်းအတွက် ဒုတိယဂိုး သွင်းယူစဉ်။

## ကွင်းလယ်ကစားသမား အဒမ်ဝါတန် ပဲလေ့စ်မှ ထွက်ခွာဖွယ်ရှိ




မန်ယူက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် ကွင်းလယ်ကစားသမားအဒမ်ဝါတန်သည် ယခုနှစ်နွေရာသီတွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ထွက်ခွာကာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန် အဆင်သင့်ဖြစ်နေပြီဟု ယုံကြည်ကြောင်းနှင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့လိုနေကြောင်း သိရသည်။ အသက် ၂၂ နှစ်အရွယ် ဝါတန်သည် ၂၀၂၄ ခုနှစ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ၂၇ ပွဲပါဝင်ကစားထားပြီး ငါးကြိမ်ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

## အဲဗာတန်က နည်းပြမိုယက်စ်ကို သက်တမ်းတိုးရန် စီစဉ်နေ



အဲဗာတန်အသင်းသည် ယခုနှစ် နွေရာသီတွင် နည်းပြ ဒေးဗစ်မိုယက်စ်ကို စာချုပ်သစ်ချုပ်ဆိုနိုင်ရေး ကမ်းလှမ်းသွားရန် ပြင်ဆင်နေကြောင်း သိရသည်။ တန်းဆင်းဇုန်ဖိအားများနှင့် ရင်ဆိုင်နေရသည့် အဲဗာတန်အသင်းကို ဥရောပဝင်ခွင့်တစ်နေရာအတွက် စိန်ခေါ်နိုင်သည့် အသင်းအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည့် အောင်မြင်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် စာချုပ်သက်တမ်းတိုးရန် ပြင်ဆင်နေခြင်းဖြစ်သည်ဟု ဆိုသည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- နယူးကာဆယ်အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် မန်စီးတီးအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ပါက အသက် ၂၃ နှစ်အရွယ် အင်္ဂလန်ဂိုးသမား ဂျိမ်းထရက်ဖို့ဒ်ကို ခေါ်ယူသွားဖွယ်ရှိနေသည်။
- လီဗာပူးနှင့် ချယ်ဆီးအသင်းအပါအဝင် ပရီမီယာလိဂ် ကလပ်အသင်းအများအပြားသည် စာချုပ်သက်တမ်းနောက်ဆုံးနှစ်အတွင်း ရောက်ရှိလာသော အသက် ၂၂ နှစ်အရွယ် ဆွစ်ဇာလန်ခံစစ်ကစားသမား ညာကိုစီကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- မားကို့စ်လေဘ်ရန်တီသည် ပရီမီယာလိဂ်ကလပ်အသင်း အများအပြား၏ စိတ်ဝင်စားခြင်း ခံရသော်လည်း အက်သလက်တီကိုမက်ဒရစ်အသင်းတွင် ဆက်လက်နေလိုပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုဆွေးနွေးနေကြောင်း သိရသည်။

■ မိုးဇက်-စုစည်းရေးသားသည်

### ပရီမီယာလိဂ် ဂိုးအများဆုံးသွင်းယူထားသူများ



| အမည် | အသင်း | သွင်းဂိုး |
|---|---|---|
| ဟာလန်း | မန်စီးတီး | ၂၂ |
| သီယေဂို | ဘရန့်ဖို့ဒ် | ၁၉ |
| ဆီမန်ညို | မန်စီးတီး | ၁၅ |
| ပက်ဒရို | ချယ်ဆီး | ၁၄ |

### ဘွန်ဒက်စ်လီဂါဂိုးအများဆုံးသွင်းယူထားသူများ



| အမည် | အသင်း | သွင်းဂိုး |
|---|---|---|
| ကိန်း | ဘိုင်ယန်မြူးနစ် | ၃၁ |
| အွန်းဒက်ဗ် | စတုဂတ် | ၁၈ |
| ဒီယက်ဇ် | ဘိုင်ယန်မြူးနစ် | ၁၅ |
| ဂီယာဆီ | ဒေါ့မွန် | ၁၃ |

### လာလီဂါဂိုးအများဆုံး သွင်းယူထားသူများ



| အမည် | အသင်း | သွင်းဂိုး |
|---|---|---|
| အမ်ဘာပေ | ရီးရဲမက်ဒရစ် | ၂၃ |
| မူရီကီ | မာယော့ကာ | ၁၈ |
| ယာမဲလ် | ဘာစီလိုနာ | ၁၄ |
| ဘူဒီမာ | အိုဆာဆူနာ | ၁၄ |

### စီးရီးအေဂိုးအများဆုံး သွင်းယူထားသူများ



| အမည် | အသင်း | သွင်းဂိုး |
|---|---|---|
| မာတီနက်ဇ် | အင်တာမီလန် | ၁၄ |
| ဒူဗီကာ | ကိုမို | ၁၁ |
| ပက်ဇ် | ကိုမို | ၁၀ |
| ယေဒစ်ဇ် | ဂျူဗင်တပ်စ် | ၁၀ |

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွ ချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမို ခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား (၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါဖြစ်ပွားနိုင်ခြေကိုလျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

➢ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။

➢ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည်ညဘက်နှင့် နံနက်စောစောတို့တွင် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်းစသည့် နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။

➢ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။

➢ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။

➢ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။

➢ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။

➢ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။

➢ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။

➢ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။

➢ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးပါရန်။

➢ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန်ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပြင်ဦးလွင်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ မတ် ၂၈ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မတ် ၂၈ ရက် ညနေ ၅ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ဒိုးကွင်ကျေးရွာအနီး ပြင်ဦးလွင်-မန္တလေး အဆင်းကားလမ်းမိုင်တိုင်အမှတ် ၃၇ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ ပြင်ဦးလွင် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပြင်ဦးလွင်ဘက်မှ မန္တလေးဘက်သို့ နတ်မောက်မြို့နယ် ဝက်ချုပ်ကျေးရွာနေ ဦးညွန့်သန်း (၅၆)နှစ် မောင်းနှင်လာသည့် CANDA-125 ဆိုင်ကယ်အား လားရာတူ လမ်းအတိုင်း နောက်မှ ရပ်ကွက်ကြီး(၉) နေ ဦးကျော်ထက်အောင်(၃၇)နှစ် မောင်းနှင်လာသည့် MDY-22 6E/xxxx FOTON AUMARK မော်တော်ယာဉ်မှ ကျော်တက်မောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးညွန့်သန်းတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် ဦးကျော်ထက်အောင်အား ပြင်ဦးလွင်မြို့မရဲစခန်း ယာဉ် (ပ)၉/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံး

**နေပြည်တော် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ မတ် ၂၈ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ရှမ်းချောင်းကျေးရွာ အမှတ်(၅)လမ်းပေါ် ဆိပ်ကမ်းသာလမ်းဆုံမီးပွိုင့်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၉) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းအတိုင်း အနောက်မှအရှေ့သို့ မြင်းခြံမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ဦးရဲမင်းဟန်(၄၇)နှစ် မောင်းနှင်လာသော MDY-26 9H/xxxx HINO TRUCK ယာဉ်သည် ဆိပ်ကမ်းသာ လမ်းဆုံမီးပွိုင့်အရောက် မြောက်မှတောင်သို့ လမ်းဖြတ်ကူးသူ ပုသိမ်မြို့နယ် အမှတ်(၆)ရပ်ကွက်နေ ဒေါ်အေးမြင့်စန်း(၆၅)နှစ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်အေးမြင့်စန်းတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် ဦးရဲမင်းဟန်အား လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း ယာဉ်(ပ)၁၄/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/ ၂၇၉ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**








# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြုတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ် တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။






## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

---

## ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိက ပြတ်ရွေ့ကြော ၄ ခုအနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက် ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက် ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက် ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန် တုန်ခါနေခြင်းကြောင့် ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်/အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေ အစိပ်အကျဲတို့အပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာ တွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ၅ ဦး နှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦး ရှိခဲ့ပါသည်။

